

# ရေးလာတဲ့ပေးစာ

**သို့/ ဂွဏ်းခေါ်အယ်ဒီတာ–ခင်ဗျား**

ကျနော်သျှမ်းလူမျိုးပါ၊ ဒါပေမဲ့ဗမာစာနဲ့ဘဲရေးပါရစေ။ သျှမ်းသံတော်ဆင့်မှ ပေးပို့လိုက်သောစာအုပ်တွေကိုလည်းလက်ခံ ရရှိပါတယ်။

ကျနော်တို့သျှမ်းပြည်က မတရားတဲ့သတင်းတွေဖတ်ရတော့ ဒဏ်ရာဟောင်းကို အပ်နဲ့ထိုးကော်သလိုဖြစ်မိတယ်။ သျှမ်းပြည် အရှေ့ပိုင်း မိုင်းပြင်းမြို့နယ် နအဖတုံတာတပ်စခန်းက စစ်သားတွေသျှမ်းသမီးပျိုတွေကို မုဒိမ်းကျင့်တဲ့သတင်းလိုပေါ့။ ဒီလောက်မိုက်ရိုင်းတဲ့ နအဖစစ်သားတွေကို အခြားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ SSA က ဘာကြောင့် ဒီတိုင်းလက်ပိုက်ကြည့်နေတာလဲ။

ကျနော်သျှမ်းတော်လှန်ရေးတပ်မှာရှိတုန်းကဆို ဒီကောင်တွေကို လုံးဝမထားဘူး၊ အရင်တုန်းကကျနော် မိုင်းဆတ်နဲ့ မိုင်းတုံကားလမ်းမတွေမှာ လှုပ်ရှားခဲ့ဘူးတယ်။ ကျနော်နေတဲ့ရွာက မိုင်းဆတ်မြို့ရဲ့ အရှေ့ဘက်မိုင်းတုမ်း မိုင်းကဏ်းဘက်ကပါ။ ၁၉၈၅ ဝန်းကျင်က ကျနော့်အမတစ်ယောက်လက်ဖက်ကောက်ပြီးတောင်ယာကအပြန် ရေချောင်းမှာရေဆင်းချိုးနေတုန်း မိုင်းဆတ်အခြေစိုက်ခလရ ၄၉ တပ်ရင်းက စစ်သားတစ်ယောက် ကျနော့်အမကို မုဒိန်းကျင့်ပြီးဓါးနဲ့ ၂၇ ချက် ထိုးသတ်သွားတယ်။

ဒါကြောင့် ကျနော်လည်း အဲဒီစစ်သားကိုသတ်ပြီး သျှမ်းတော်လှန်ရေးထဲဝင်ခဲ့တယ်။ သျှမ်းတော်လှန်ရေးအဖွဲ့ထဲမှာ ကျနော် ၁၅ နှစ်တာဝန်ထမ်းဆောင်ပြီး တပ်ရင်းဗိုလ်ကြီးအဆင့်နဲ့အနားယူခဲ့တယ်။ အခု ကျနော် ဘန်ကောက်မှာအခြေချနေထိုင်နေပါတယ်။

နအဖစစ်သားတွေရဲ့မိုက်ရိုင်းတဲ့သတင်းတွေဖတ်မိတိုင်း စိတ်နာတယ်ဗျာ။ အတိတ်က အရိပ်ခါးတွေကို ပြန်ပြန်ပြီးသွား သတိရမိတယ်။ တော်လှန်ရေးဘဝထဲပြန်ဝင်ပြီး ဒီကောင်တွေရဲ့အသားကို အစိမ်းလိုက်ဝါးချင်စိတ်တွေ ပေါက်လာတယ်။

သျှမ်းတော်လှန်ရေးရဲဘော်များအားလုံးကိုလည်း အားပေးပါတယ်။ ဆက်ပြီးကြိုးစားပါ။ တနေ့အောင်မြင်လာလိမ့်မယ်။ နီရဲနေတဲ့ သျှမ်းသွေးနဲ့ သတ္တိပြပြီး အမိမြေကိုကျေးဇူးဆပ်ကြပါ။ ဒီကောင်တွေကို ဒီတိုင်းလွှတ်မထားပါနဲ့ဗျာ။

ဘန်ကောက်ရောက် **စိုင်းကမ်**




The Irrawaddy

နိုင်ငံရေး

# သျှမ်းခေါင်းဆောင်ခွန်ထွန်းဦး အီတလီဂုဏ်ထူးဆောင်နိုင်ငံသားဆု ချီးမြှင့်ခံရ



SNLD ဥက္ကဋ္ဌ စဝ်ခွန်ထွန်းဦး

ကချင်ပြည် ပူတာအိုအကျဉ်းထောင်၌ အကျဉ်းကျခံနေရသူ သျှမ်းခေါင်းဆောင် **SNLD** ဥက္ကဋ္ဌစဝ်ခွန်ထွန်းဦးအား အီတလီနိုင်ငံမွန်ဇာမြို့ဝန်က ဂုဏ်ထူးဆောင်နိုင်ငံသားဆုချီးမြှင့်ခဲ့ပါသည်။ ဒီဇင်ဘာ ၉ ရက် မွန်ဇာမြို့တော်ခန်းမ၌ကျင်းပသောဆုပေးပွဲအခမ်းအနားသို့ဦးခွန်ထွန်းဦး ကိုယ်စား ဘရပ်ဆဲလ်အခြေစိုက်ဥရောပမြန်မာရုံး**EBO** လက်ထောက် ညွှန်ကြားရေးမှူး ဦးဘိုဒီဇော်မင်း တက်ရောက်လက်ခံခဲ့ပါသည်။

**EBO** ညွှန်ကြားရေးမှူး စဝ်ဟန်ယောင်ဟွေ့က *"ကျနော်တို့ သျှမ်းခေါင်းဆောင်တွေ တကယ့်ကိုကိုယ်ကျိုးစွန့် အနစ်နာခံခဲ့တယ်ဆိုတာ ကမ္ဘာကအသိအမှတ်ပြုလိုက်တာပါဘဲ။ နှစ်ရှည်ထောင်ကျခံ နေရပေမဲ့ ကျန်းမာရေးကောင်းဖို့အဓိကဖြစ်နေတဲ့အတွက် စိတ်ဓါတ်မကျ ဖို့၊ ကျန်းမာရေးဂရုစိုက်ဖို့ ကျနော်အားပေးစကားပြောချင်ပါတယ်။ ဆက်လုပ်စရာရှိတာကိုကျနော်တို့နောင်လာနောက်သားတွေ ဆက်လုပ်သွားမယ်လို့လဲ ပြောချင်ပါတယ်"* လို့ပြောပါတယ်။

သျှမ်းခေါင်းဆောင်များ နှစ်ရှည်ထောင်ဒဏ်ကျခံရမှုကြောင့် အမျိုးသားရေးတက်ကြွလှုပ်ရှားသူ မျိုးဆက်သစ်လူငယ်များ အနည်းငယ်တုန့်နှေးသွားခြင်းနှင့်ပတ်သက်၍ စဝ်ဟန်ယောင်ဟွေ့က–

*"ဖြစ်နိုင်တယ်။ အမျိုးသားရေး တက်ကြွလှုပ်ရှားသူတိုင်းကို စစ်အစိုးရက နှစ်ရှည်ထောင်ဒဏ်တွေပေးပြီး နယ်စွန်နယ်ဖျားကိုပို့ပို့ ပစ်တာဟာ မျိုးဆက်သစ်လူငယ်တွေနိုင်ငံရေး၊ အမျိုးသားရေးမလှုပ်ရှားရဲအောင်လုပ်ပြတာဖြစ်တယ်။ ဒါပေမဲ့ ကျနော်တို့ကြောက်သည်ဖြစ်စေ မကြောက်သည်ဖြစ်စေဒီမိုကရေစီမရမချင်း၊ စစ်မှန်သောပြည်ထောင်စုကြီးမဖြစ်မချင်း၊ စစ်အာဏာရှင် မကျဆုံးမချင်း ကျနော်တို့တိုင်းရင်းသားတွေ ဖိနှိပ်မြဲဖိနှိပ်ခံနေရဦးမှာဘဲ။ ဒါကြောင့် ကြောက်ရွံ့မနေနဲ့၊ တုန့်နှေးမနေနဲ့၊ လုပ်စရာရှိတာလုပ်သွားပါ။ သူများကိုသွားအားကိုးနေလို့မဖြစ်ဘူး။ကိုယ့်ကိုယ်ကို ပြန်အားကိုးရမယ်။ ကိုယ့်အချင်းချင်း စည်းစည်းလုံးလုံးနဲ့ လုပ်စရာရှိတာလုပ်သွားရင် ကိုယ်မျှော်မှန်းတဲ့ပန်းတိုင်မလွဲမသွေရောက်မှာဘဲ။ နအဖလုပ်ရပ်က ခြိမ်းခြောက်တာသက်သက်ဖြစ်တယ်။ ရဲရဲဝံ့ဝံ့လုပ်သွားရင် သူတို့လဲဘယ်လိုမှမတတ်နိုင်ပါဘူး။ ကျနော်တို့ ခေါင်းဆောင်တွေလဲ အဖမ်းခံရသည့်တိုင်အောင် မကြောက်မရွံ့စိတ်ဓါတ်ကြံ့ခိုင်နေသေးတာဘဲ။သူတို့လမ်းပြတဲ့အတိုင်း ဆက်လုပ်သွားဖို့ ကျနော်တိုက်တွန်းအားပေးချင်တယ်"* ဟု ဆက်ပြောပါသည်။

ယခုလက်ရှိအခြေအနေသည် နိုင်ငံရေး၊ စီးပွါးရေးအခက်အခဲကြုံနေရသော်လည်း လွတ်မြောက်သည့်နေ့တနေ့ ရှိမည်မလွဲဟု ယုံကြည်ကြောင်း၊ မတရားအကျဉ်းချခံရသည့်မြန်မာ့ဒီမိုကရေစီခေါင်းဆောင်များအကြောင်းကိုလည်း ယခုကဲ့သို့ကမ္ဘာသိအောင် မိမိတို့အနေဖြင့် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း စဝ်ဟန်ယောင်ဟွေ့ကပြောပြသည်။ ❑



EBO ညွှန်ကြားရေးမှူး စဝ်ဟန်ယောင်ဟွေ့

# ဝပြည်အစဉ်ငြိမ်းချမ်းနေ လက်နက် နှင့် ငြိမ်းချမ်းရေးလဲလှယ်ရန်မလိုဟု UWSA တပ်မှူးပြော

၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ အပစ်ရပ်ငြိမ်းအဖွဲ့များအား လက်နက်နှင့်ငြိမ်းချမ်းရေးလဲရန်နအဖ စစ်တိုင်းမှူးစစ်ဗျူဟာမှူးများ လှည့်လည်ဖိအားပေးသည့်ကိစ္စအပေါ် UWSA တပ်မှူးတဦးက ဝပြည် အစဉ်ငြိမ်းချမ်းနေသောကြောင့် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ရန် မလိုကြောင်း တြိဂံစစ်တိုင်းမှူးအားတုံ့ပြန်ပြောဆိုခဲ့သည်ဟု တရုပ်နယ်စပ်သတင်းရပ်ကွက်ကဆိုသည်။

နိုဝင်ဘာ ၅ ရက် မနက်ပိုင်းကကျိုင်းတုံအခြေစိုက် တြိဂံစစ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ မိုင်းခတ်အခြေစိုက်စစ်ဗျူဟာမှူးဗိုလ်မှူးကြီးနေလင်းနှင့်အဖွဲ့သည် ကျိုင်းတုံအရှေ့မြောက်ဘက် ၁၀၂ ကီလိုမီတာရှိ မိုင်းပေါက်ဒေသ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် တပ်မဟာ ၄၆၈ ဌာနချုပ် တပ်မဟာမှူး၊ ဒုတပ်မဟာမှူးတို့နှင့်တွေ့ဆုံ၍ နေ့လည်စာလက်ဆုံစားကြစဉ် အခြေအတင်ပြောဆိုခဲ့ကြသည်ဟု UWSA သတင်းရပ်ကွက်ကသိရသည်။

*"မိုင်းဆတ်၊ မိုင်းတုံဒေသမိုင်းယွန်းအခြေစိုက် ဝတပ်ဖွဲ့အားလုံး မြောက်ပိုင်းပန်ဆန်းဌာနချုပ်သို့တပ်ရုပ်ပါ၊ အဲဒီမှာ ဝ တပ်ဖွဲ့ရှိနေရင် တောင်ပိုင်း SSA ကိုအပြတ်တိုက်ထုတ်ဖို့မလွယ်ဘူး ဝဒေသအစဉ်အေးချမ်းစေလိုရင်၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းချင်ရင်လက်နက်နဲ့ငြိမ်းချမ်းရေးလဲလှယ်ပါ"*– တြိဂံတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး ပြောခဲ့သည်ဟုဆို၏။

ဗိုလ်မှူးချုပ်ကျော်ဖြိုး၏ပြောဆိုမှုအပေါ် UWSA ၄၆၈တပ်မဟာမှူး စိုင်းဆမ်က– *"တောင်ပိုင်း ဝ တပ်ဖွဲ့နယ်မြေဟာ အသက်သွေးချွေးနဲ့ရင်းပြီးတိုက်ယူခဲ့ရတယ်။ ဒါကြောင့်တပ်ရုပ်ဖို့ စစ်အစိုးရတိုက်တွန်းတိုင်း ဝခေါင်းဆောင်တွေ အမြဲငြင်းဆန်တယ်။ နောက်နောင်လဲဘယ်တော့မှတပ်ရုပ်မှာမဟုတ်ဘူး။ ဝပြည်ကအစဉ်အေးချမ်းနေတယ်။ လက်နက်နဲ့ငြိမ်းချမ်းရေးလဲလှယ်ဖို့လဲ မလိုဘူး။ အခု ဝတပ်မတော်သားများကိုင်ဆောင်တဲ့ လက်နက်အားလုံးလဲ အစိုးရထောက်ပံ့ထားတာတလက်မှမရှိဘူး"* ဟုတုံ့ပြန်၏။ *"ကျနော်တို့အသက်ရှင်နေသရွေ့ဘယ်တော့မှ လက်နက်မချဘူး"* ဟု လည်းပြောကြောင်း အဆိုပါတပ်မှူးနှင့် နီးစပ်သူတဦးက သျှမ်းသံတော်ဆင့်ကိုပြောပြသည်။

ဝ တပ်မဟာမှူး၏ တုံ့ပြန်မှုကြောင့် ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် မိုင်းခတ်စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးနေလင်းတို့ အမျက်ဒေါသထွက်ကာ တခွန်းမျှစကားမဆိုနိုင်ဘဲ မိုင်းပေါက်မှချက်ခြင်းပြန်လှည့်ထွက်သည်ဟုဆို၏။

*"သူတို့မိုင်းလားမှာတညအိပ်တယ်။ ဉက္ကဌ ကြီးနဲ့တွေ့လား မတွေ့လားတော့မပြောတတ်ဘူး။ ရွေးကောက်ပွဲအကြောင်း၊ ပါတီထောင်ဖို့အကြောင်းလည်းတခွန်းမှ မပြောဘူးတဲ့။ ဌာနချုပ်က ယွမ်ငွေ ၆,၀၀၀ ကျော် လက်ဆောင်ပေးလိုက်လို့ နောက်နေ့မနက်ခပ်ပြုံးပြုံးဘဲကျိုင်းတုံကိုပြန်သွားတယ်လို့ပြောတယ်"*ဟု မိုင်းလားဌာနချုပ် အဆင့်မြင့်အရာရှိများနှင့် နီးစပ်သူတဦးက ဤကဲ့သို့ပြောပြသည်။

UWSA တပ်မဟာ ၄၆၈ ထိန်းချုပ်နယ်မြေ မိုင်းပေါက်ဒေသသည် မိုင်းယန်းမြို့ အနောက်မြောက်ဘက် မိုင် ၃၀ ကျော် ခရိုင်အဆင့်အဖြစ်သတ်မှတ်ထားသည်။ စစ်အစိုးရကမိုင်းယန်းမြို့နယ် ကျေးရွာအုပ်စုအဖြစ်သတ်မှတ်ထားသောကြောင့် ဝ တပ်ဖွဲ့များတပ်ရုပ်ပေးရန် ယခုချိန်ထိဖိအားပေးခံနေရဆဲဖြစ်သည်။ ❑

# ထိုင်းနယ်စပ်၌ နအဖ တပ်နှင့် ဝတပ်ဖွဲ့ အပြိုင်ဂိတ်ကြေးကောက်

သျှမ်းပြည်တောင်ပိုင်းထိုင်းနယ်စပ် BP 2 ၌နအဖတပ်အင်အားတိုးချဲ့ချထားပြီး ဝတပ်ဖွဲ့နှင့်အပြိုင် ခရီးသွားကုန်သည်များထံမှဂိတ်ကြေးကောက်နေကြောင်း နယ်စပ်သတင်းရပ်ကွက်က ဆိုပါသည်။

ဒီဇင်ဘာ ၁၆ ရက်က နအဖစစ်သား ၃၀ ခန့် BP2 ဝဂိတ်နှင့် ၄ ကီလိုမီတာခန့်အကွာ နမ့်လုအနီးတောင်ခြေ၌ ဂိတ်ဆောက်၍ အဝင်အထွက် လူ/ ဆိုင်ကယ်သမားများအား ဂိတ်ကြေးကောက်ကြောင်း၊ ထိုမတိုင်ခင်က နမ့်လု၌ ဝ တပ်ဖွဲ့နှင့် ၁၅ မိနစ်ခန့် ပစ်ခတ်မှုရှိခဲ့ကြောင်း၊ သေကြေဒဏ်ရာရသူမရှိကြောင်း ဆိုင်ကယ်ကယ်ရီသမားတစ်ယောက်ကပြောပြသည်။

*"၁၅ ရက်နေ့က ပုံပါကျင်အခြေစိုက် ဗျူဟာမှူး ဒုဗိုလ်မှူးကြီးကျော်သူ လုံခြုံရေးအင်အား ၃၀ လောက် နအဖ လွယ်ပါခီးတပ်စခန်းကိုရောက်လာတယ်။ ဖိုးဝှီးကား ၄ စီး။ ဝ တပ်ဖွဲ့နဲ့ ပြဿနာမဖြစ်အောင်နေပါလို့မှာသွားတယ်–တဲ့။ ၁၆ ရက်ဝမ့်မိုင်မှုးဆေး(လားဟူရွာ)လွယ်ပါခီးဂိတ်က လားဟူပြည်သူ့စစ်တွေကို နားကောင်းမှုးပြန်သွားဖို့ပြောသေးတယ်။ အဲဒီမှာလဲပြည်သူ့စစ်တွေတစ်ယောက်ဘတ် ၃၀၀ ဂိတ်ကြေးကောက်တယ်။ ဆိုင်ကယ်တစ်စီးဘတ် ၅၀၀ ကောက်တယ်။ ဒါပေမဲ့ နအဖတပ် စခန်းကိုတစ်ဝက်ခွဲပေးရတယ်"* ဟုရင်းကပြောပြ၏။

နအဖတပ် ကင်းတဲဆောက် အခွန်ကောက်သောဂိတ်မှာ ထိုင်းနိုင်ငံ မိုင်းဖုန်သွားလမ်း (သျှမ်းပြည်တောင်ပိုင်း မိုင်းတုံမြို့အရှေ့တောင်ဘက်မိုင် ၃၀ ခန့်အကွာ) BP 2 ဝတပ်ဂိတ်နှင့် တစ်တောင်တည်းဖြစ်နေသဖြင့် ဂိတ်ကြေး၂ ဆပိုကုန်ကျသည်ဟုဆိုကာခရီးသွားများ သိသိသာသာစဲသွားသည်ဟု ဆို၏။

*"နအဖစစ်တပ်က သူဘဲဂိတ်ကြေးကောက်စားချင်နေတာ။ အဲဒါကြောင့်ဝ၊လားဟူတပ်ဖွဲ့တွေကိုနေရာလာလုတာပေါ့"* ဟုဝတပ်ဖွဲ့နှင့်ရင်းနှီးကျွမ်းဝင်သူတစ်ဦးကပြောပြ၏။ ❑

# မဟာမိတ်တပ်ဖွဲ့နယ်မြေကြား နအဖ ဖြတ်တောက်ရန်ကြိုးပမ်း

သျှမ်းပြည်အရှေ့ပိုင်းအပစ်ရပ်အထူးဒေသ ၂ ဝပြည်သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ UWSA နှင့် အပစ်ရပ်အထူးဒေသ 4 NDAA မိုင်းလားတပ်ဖွဲ့ ထိန်းချုပ်နယ်မြေကြား နအဖစစ်တပ်လက်ဦးရ ဖြတ်တောက်ရန်ကြိုးပမ်းမှုကြောင့် အပြိုင်အဆိုင်အင်အားဖြည့် တင်းမှုရှိနေကြောင်း နယ်စပ်သတင်းရပ်ကွက်ကဆိုသည်။

ကျိုင်းတုံမြို့နယ် အရှေ့မြောက်ဘက် ၁၀၂ ကီလိုမီတာခန့် အကွာရှိ မိုင်းယန်းမြို့မှ အရှေ့မြောက်အရပ်သို့ဖြန့်တက်လာသည့် နအဖစစ်တပ်အင်အားတားဆီးရန် မဟာမိတ်တပ်ဖွဲ့များဖြစ်သည့် အပစ်ရပ် ဝတပ်ဖွဲ့နှင့် မိုင်းလားတပ်ဖွဲ့တို့က ၎င်းတို့၏စစ်အင်အားများ တိုးချဲ့ချထားခြင်းဖြစ်သည်ဟုဆို၏။

*“ ပြီးခဲ့တဲ့ နိုဝင်ဘာလလယ်ကစပြီး နအဖစစ်တပ်တွေတက်လာတာတဲ့။ ပြီးတော့ နအဖထောက်လှမ်းရေးလို့ထင်ရတဲ့ မျက်နှာစိမ်းတွေလည်း မကြာခဏတွေ့ရတယ်တဲ့ ”* – ဝတပ်ဖွဲ့နှင့်ရင်းနှီးသည့် ကျိုင်းတုံ–မိုင်းလား ကားဆရာတစ်ဦးက ပြောပြသည်။

*“တကယ်လို့ ဝနဲ့ မိုင်းလားအဓိကဆက်သွယ်ရေးလမ်းကြောင်းကို နအဖစစ်တပ်ကဖြတ်နိုင်လို့ရှိရင် မိုင်းလားကလည်း တကိုယ်တည်းဖြစ်သွားမယ်။ ဝ ကလည်းထွက်ပေါက်ရှိတော့မှာမဟုတ်ဘူး”* ဟုလည်း အဆိုပါ ကားဆရာက သုံးသပ်ပြ၏။

အပစ်ရပ်ဝတပ်ဖွဲ့UWSA ထိန်းချုပ်နယ်မြေအနောက်ဘက် သံလွင်မြစ်တစ်ဘက်ကမ်း၊ မြောက်ဘက် နမ့်တင်ချောင်း တောင်ဘက် နမ့်ခါချောင်းအောက်ခြမ်းတစ်လျှောက်တို့တွင် နအဖစစ်တပ်က နေရာယူထား၏။ အရှေ့ဘက်တွင်မူ တရုပ် နယ်စပ်ဖြစ်ပြီး၊ တောင်ဘက်ခြမ်း မိုင်းဖျန် ဟိုတောင်းနှင့် မိုင်းလားတပ်ဖွဲ့ထိန်းချုပ်နယ်ဖြစ်သော ဆီလူးတို့တို့ နအဖစစ်တပ်ထပ်မံသိမ်းပိုက်နေရာယူလိုက်ပါက မဟာမိတ်တပ်ဖွဲ့နှစ်ဖွဲ့ကြား အဆက်အသွယ် ပြတ်တောက်သွားနိုင်၏။ ၎င်းအပြင် ရွှေတြိဂံနယ်မြေ (မဲခေါင်မြစ်) သို့ထွက်သည့်လမ်းလည်း ပိတ်သွားနိုင်သည်ဟု သျှမ်းပြည် နိုင်ငံရေးလေ့လာသူ တစ်ဦးက သုံးသပ်၏။

အပစ်ရပ်အထူးဒေသ ၂ ဝတပ်ဖွဲ့ထိန်းချုပ်နယ်မြေ မိုင်းပေါက်မြို့နယ် မိုင်းဖျဲန်ဟိုတောင်းအုပ်စုနှင့် အပစ်ရပ် အထူးဒေသ 4 NDAA မိုင်းလားအဖွဲ့ ထိန်းချုပ်နယ်မြေ တပ်မဟာ ၃၆၉ ဌာနချုပ် ဆီလူးအုပ်စုတို့ကိုအလိုရှိနေသောနအဖစစ်အုပ်စုက မိုင်းယန်းမြို့နယ်အောက် သတ်မှတ်ထားသဖြင့် ဝ တပ်ဖွဲ့နှင့်မိုင်းလားတပ်ဖွဲ့ကို ထိုဒေသမှ ထွက်သွားစေလိုသောကြောင့် စစ်အင်အားဖြန့်ကျက်နေရာယူလာခြင်းဖြစ်သည်။၎င်းတို့ထိန်းချုပ်နယ်မြေကြား ဖြတ်တောက်မှုကိုမလိုလားသော ဝနှင့် မိုင်းလားတပ်ဖွဲ့ကလည်း စစ်အင်အားပြန်လည်တိုးချဲ့ဖြည့်တင်းထားသဖြင့် ဒေသအချို့တွင်ပင် ပစ်ခတ်သံကြားနေရသည် ဟုလည်း ဒေသခံများက ဆို၏။ သို့သော် သျှမ်းသံတော်ဆင့်အနေဖြင့် အတည်ပြုနိုင်ခြင်း မရှိသေးပေ။ ❑

# ၂၀၁၀ ရွေးကောက်ပွဲဝင်သင့်မဝင်သင့် အပစ်ခတ်ရပ်များဆွေးနွေး

စစ်အစိုးရက ပြုလုပ်ကျင်းပမယ့် ၂၀၁၀ ရွေးကောက်ပွဲအသစ် ဝင်သင့်မဝင်သင့်နဲ့ပတ်သက်ပြီး၊ အပစ်အခတ်ရပ်စဲထားတဲ့အဖွဲ့ ၃ ဖွဲ့ ရန်ကုန်မှာဆွေးနွေးခဲ့ကြတယ်လို့ အမည်မဖော်လိုတဲ့ငြိမ်းချမ်းရေးအဖွဲ့နဲ့နီးစပ်သူတစ်ဦးက ပြောပါတယ်။

ဒီဇင်ဘာလ ၁၀ ရက်က ငြိမ်းချမ်းရေးအဖွဲ့တွေဖြစ်တဲ့ ရှမ်းပြည်တပ်မတော်မြောက်ပိုင်း SSA-N မွန်ပြည်သစ်ပါတီ NMSP နဲ့ ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ကကိုယ်စားလှယ်တွေ ရန်ကုန်မှာတွေ့ဆုံဆွေးနွေးခဲ့ကြတာလို့ သူကပြောပါတယ်။ ရွေးကောက်ပွဲ ဝင်သင့်မဝင်သင့် ဆွေးနွေးခဲ့ကြပြီး တကယ်လို့ရွေးကောက်ပွဲဝင်မယ်ဆိုရင် အဖွဲ့အစည်းအနေနဲ့ဝင်ရောက်မှာမဟုတ်ဘဲ အဖွဲ့အစည်းကထွက်ပြီး ပုဂ္ဂိုလ်ရေးအရ ရွေးကောက်ပွဲဝင်မှာဖြစ်တယ်လို့ ဆိုပါတယ်။

ဒီအခြေအနေနဲ့ပတ်သက်ပြီး ရှမ်းပြည်တပ်မတော်မြောက်ပိုင်းအဖွဲ့ကို ဆက်သွယ်မေးကြည့်ရာမှာဘာမှ တုန့်ပြန်ချက်မပေးခဲ့ပါဘူး။ မွန်ပြည်သစ်ပါတီကတော့ သူတို့အနေနဲ့ရွေးကောက်ပွဲဝင်မှာမဟုတ်ဘူးလို့ မွန်ပြည်သစ်ပါတီ ပြောခွင့်ရသူ နိုင်အောင်မငေးက ပြောပါတယ်။ “ ရှမ်းအဖွဲ့တွေတော့မသိဘူးပေါ့နော်။ ကျနော်တို့အဖွဲ့တော့ မဟုတ်ပါဘူး။ သက်ဆိုင်ရာ ကချင်ဆိုရင်လဲ ကချင်၊ ရှမ်းဆိုရင်လဲ ရှမ်း အဲလိုတိုက်ရိုက်မေးရင် ကောင်းမယ်ထင်တယ်။ ကျနော်တို့အဖွဲ့က ရွေးကောက်ပွဲဝင်ဖို့တော့မဟုတ်ပါဘူး။ သူတို့အဖွဲ့က ဘယ်လိုအနေအထားလဲမသိဘူးပေါ့နော်။ ကျနော်တို့အဖွဲ့ကတော့ ရွေးကောက်ပွဲဝင်ဖို့ စိတ်ကူးထဲမှာ မရှိပါဘူး။”

ရွေးကောက်ပွဲဝင်မယ်လို့ သတင်းထွက်နေတာနဲ့ပတ်သက် ပြီး မွန်ပြည်သစ်ပါတီအနေနဲ့ ဘယ်လိုအခြေအနေရှိသလဲလို့ မေးမြန်းတဲ့အပေါ် နိုင်အောင်မငေးက “မွန်ပြည်သစ်ပါတီက ဝင်ဖို့မဝင်ဖို့ကို တိတိကျကျမရှိသေးဘူး။ ရှေ့လာမယ့် ၂၀၀၉ မှာကွန်ဂရက်တစ်ခုရှိမယ်။ ပါတီဆိုင်ရာကွန်ဂရက်၊ အဲဒီကွန်ဂရက်မှာ ကျနော်တို့အကျေအလည် အပြန်အလှန်ဆုံးဖြတ်ရဦးမယ်။ အဲဒီကွန်ဂရက်ပြီးမှ သိပါလိမ့်မယ်။ အခု လောလောဆယ်ဝင်မလား၊မဝင်ဘူးလားဘယ်လိုမှမပြောနိုင်သေးဘူး” လို့ပြောပါတယ်။ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့မှာတော့ ကေအိုင်အို ဥက္ကဋ္ဌ ဒေါက်တာတူးဂျာက အဖွဲ့အစည်းကနေနုတ်ထွက်ပြီး ရွေးကောက် ပွဲဝင်လိမ့်မယ်လို့သိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကေအိုင်အိုကို ဆက်သွယ်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပေမဲ့ မရခဲ့ပါဘူး။

ကေအိုင်အို ငြိမ်းချမ်းရေးအဖွဲ့ဟာ ၁၉၉၄ မှာ နအဖနဲ့ အပစ်ခတ်ရပ်စဲရေးလုပ်ထားပြီး၊ SSA မြောက်ပိုင်းက ၁၉၈၉၊ မွန်ပြည်သစ်ပါတီက ၁၉၉၅ မှာ အပစ်ခတ်ရပ်စဲရေးလုပ်ထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေဖြစ်ပါတယ်။

**နန်းခမ်းကယောက်** *DVB* ၁၈/၁၂ /၂၀၀၈

လူ့အခွင့်အရေး

# ရွှေလီမြစ်လျှပ်စစ်စီမံကိန်း သဘာဝရင်းမြစ်ဖျက်ဆီး ဒေသခံတို့ လျှပ်စစ်မီးမရ

စစ်အစိုးရ၏ရွှေလီမြစ် ရေအားလျှပ်စစ်စီမံကိန်းကြောင့် ဒေသခံလုထုလယ်ယာများစွာ အဓမ္မသိမ်းယူခြင်းခံခဲ့ရပြီး သဘာဝသစ်တောများစွာပြုန်းတီးသည့်အပြင် လျှပ်စစ်စီမံကိန်းပြီးဆုံးသော်လည်း ပြည်သူလူထုလျှပ်စစ်မီးမရရှိသေးကြောင်း တရုတ်နယ်စပ်သတင်းရပ်ကွက်က ဆိုသည်။

ယခုနှစ်မေလ လားရှိုးအခြေစိုက် ရမခတိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်က နမ့်ခမ်းမြို့ ကျားဖြူခန်းမ၌ မြို့ခံများအား– *"ရွှေလီရေအားလျှပ်စစ်စီမံကိန်းပြီးဆုံးလျှင် ဒေသခံများကိုဦးစားပေးဝေမည်"* ဟု ပြောကြားခဲ့သော်လည်း ယခုအခါရေအားလျှပ်စစ်စီမံကိန်း ရာနှုန်းပြည့်နီးပါးပြီးစီးသွားသည့်တိုင် မန္တလေး၊ မုံရွာ၊ စစ်ကိုင်းနှင့်စစ်အစိုးရနေပြည်တော်သို့သာ ပို့ဆောင်ပေးကြောင်း၊ မြို့ခံများ တရုပ်လျှပ်စစ်မီးကိုသာအားထားနေရကြောင်း – အသက် ၄၀ ကျော် တည်းခိုခန်းပိုင်ရှင်တဦးကပြောပြသည်။

*"ရေအားလျှပ်စစ်စက်ရုံနှစ်ရုံ တည်ဆောက်တယ်။ တခုက တရုတ်ပြည်ကိုလုံးဝရောင်းပေးဖို့။ နောက်တခုကပြည်တွင်းသုံးဖို့အတွက်ပေးမယ်လို့ပြောတယ်။ ဒါပေမယ့်ငွေကုန်ကြေးကျများပြီး ဘယ်တုန်းကမှ မီးအားမပြည့်တဲ့အစိုးရမီးကို ဘယ်သူမှအားမထားရဲဘူး၊ ဒီတော့မီတာဘောက်စ်လျှောက်တဲ့သူ အယောက် ၄၀ ကျော်လောက်ဘဲရှိတယ်"*

မီတာဘောက်တလုံး ကျပ်ငွေ ၅၀,၀၀၀ ပေးသွင်းရမည်ဖြစ်ပြီးလျှပ်စစ်မီးရလျှင် ယွမ်ငွေပေးရသည့် တရုပ်မီးဖြတ်တောက်မည်ဟုပြောကြောင်း၊ မီတာဘောက်တလုံး ၄–၅ သောင်းဟုဆိုသော်လည်း ဟိုကြေးဒီကြေးနှင့် ပေါင်းလိုက်ပါက ၄–၅ သိန်းအထိ ဖြစ်သွားနိုင်ကြောင်း အဆိုပါပုဂ္ဂိုလ်က ဆက်ပြောပြသည်။

မူဆယ်မြို့မဈေးမှ အသက် ၃၀ ကျော် နမ့်ခမ်းသား ဈေးသည်တဦးကလည်း– *"ရွှေလီမြစ်ရေအားကနေ လျှပ်စစ်မီးထုတ်သုံးနေတာ တစ်နှစ်လောက်ရှိပြီ။ စစ်ကိုင်း၊ မုံရွာ၊ မန္တလေးနဲ့ကြပ်ပြေးနေပြည်တော်ဘက်ကိုဘဲပို့ပေးနေတာ။ လျှပ်စစ်ဦးစီးမှူးကတော့ စမ်းသပ်ကာလဘဲလို့ပြောတယ်။ လုံးဝမတရားဘူးလို့ မြင်တယ်၊ ဆောက်လုပ်တုန်းက ကျနော်တို့ကို အဓမ္မလုပ်အားပေးခိုင်း၊ လူထုလယ်ယာတွေသိမ်း၊ နေအိမ်တချို့ပြောင်းရတယ်။မီးရလာတော့ ကျနော်တို့ကိုပေးမသုံးဘူး။ နောက်တခုကမိုးတွင်းရေကြီးရင်ရွာကြီး ၄–၅ ရွာ သွားရေးလာရေး ခက်ခဲကုန်တယ်။ နိုဝင်ဘာလဆန်းပိုင်းက မြစ်ရေလျှံလို့နမ့်ပေါ်ချောင်းပါရေတက်ပြီး မူဆယ်–ပန်ခမ်း ၂ ရက်လုံးလုံး သွားလာလို့မရဘူး။ ဒါတောင်မှမိုးသိပ်မကြီးသေးဘူး"* ဟုဆို၏။

ရွှေလီမြစ်မန်တတ်ရေအားလျှပ်စစ်သည် နမ့်ခမ်းမြို့အနောက်တောင်ဘက် ၁၇ မိုင်အကွာတွင်ရှိပြီး၊ ဆည်တည်ဆောက်စဉ်အဓမ္မလုပ်အားပေးခိုင်းခြင်းခံရသော ဒေသခံပလောင်လူငယ်တစ်ဦးရေနစ်သေဆုံးခဲ့ရသည်။

*"လူထုတွေရဲ့ဘဝကတော့ထူးမခြားနားပါဘဲ၊ အခုမန်တတ်ရွှေလီရေအားလျှပ်စစ်လဲလောပိတလိုဘဲ၊ဒေခံတွေကိုလျှပ်စစ်မီးအပြည့်အဝခံစားစေရမယ်လို့ မက်လုံးပေးပြီးလုပ်အားပေးခိုင်းတယ်။ စီမံကိန်းပြီးတော့မီးကြိုးသာရွာပေါ် ဖြတ်သွားတယ်"*ဟု သျှမ်းပြည်အရေးလေ့လာသူ ပုဂ္ဂိုလ်တဦးက ဆိုပါသည်။ ❑

# တရုပ်–ဗမာကုန်စည်ပြပွဲ အာဏာပိုင်များအား ကြိုဆိုရန် တိုင်းရင်းသားစာပေ / ယဉ်အဖွဲ့ဆင့်ခေါ်ခံရ

တရုပ် – မြန်မာ ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားကို သျှမ်းပြည်မြောက်ပိုင်း မူဆယ် ၁၀၅ မိုင်တွင်ကျင်းပစဉ် နှစ်နိုင်ငံအာဏာပိုင်များအားကြိုဆိုရေးအတွက် ဒေသခံတိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့များ ရိုးရာဝတ်စုံနှင့်မဖြစ်မနေတက်ရောက်ရန် မူဆယ်မြို့အာဏာပိုင်များကဆင့်ခေါ် ကြောင်း တရုပ်နယ်စပ်သတင်း ရပ်ကွက်ကဆိုသည်။

ဒီဇင်ဘာလ ၁၇ ရက်က ဖွင့်ပွဲကျင်းပသည့် မူဆယ် ၁၀၅ မိုင် တရုပ် – မြန်မာကုန်စည်ပြပွဲတက် ရောက်ရန်မူဆယ်မြို့ ၆ ရပ်ကွက်မှ တရပ်ကွက် လူအင်အားအယောက် ၁၀၀ အပြင် မူဆယ်ခရိုင်အတွင်းရှိ

စာမျက်နှာ 36 သို့

ဆောင်းပါး

# ခေတ်အဆက်ဆက်ပြောင်းလဲလာတဲ့ အမေရိကန်ရွေးကောက်ပွဲ သမိုင်းကြောင်း

အမေရိကန်နိုင်ငံမှာ သမ္မတလောင်းတွေဟာ သစ်ငုတ်တိုပေါ်တက်ရပ်ပြီးတော့ လူထုကိုမဲဆွယ်စည်းရုံး ဟောပြောတဲ့ခေတ်ကနေ ဒေါ်လာသန်းနဲ့ချီအကုန်ခံပြီး ရုပ်မြင်သံကြားပေါ်မှာ ကြော်ငြာထဲ့မဲဆွယ်စည်းရုံးတဲ့ခေတ်ရောက်နေပါပြီ။ ခေတ်အဆက်ဆက် ပြောင်းလဲလာနေတဲ့ အမေရိကန်ရွေးကောက်ပွဲသမိုင်းကြောင်းကို တင်ပြလိုပါတယ်။

အမေရိကန်သမ္မတလောင်းတွေ သမ္မတဖြစ်လာပြီဆိုတာနဲ့ ထပ်ခါထပ်ခါ ကျမ်းသစ္စာကျိန်ဆိုရပါတယ်။

၁၇၈၉ မှာ ပထမဦးဆုံးသော သမ္မတကြီး ဂျော့ချ် ဝါရှင်တန်ကို တင်မြောက်ခဲ့တဲ့အချိန်ကစပြီးတွက်လိုက်ရင် အခုသမ္မတ ရွေးကောက်ပွဲဟာ ၅၆ ကြိမ်မြောက်ရွေးကောက်ပွဲပါ။



ဂျော့ချ် ဝေါရှင်တန်

အဲဒီတုန်းက အာဖရိကနွယ် ဖွားအမေရိကန်နိုင်ငံသား လူမဲတွေ အမျိုးသမီးတွေမဲပေးခွင့် မရှိကြသေးပါဘူး။ ဒီတစ်ခေါက်သမ္မတရွေးကောက်ပွဲကတော့ ရာဇဝင်မှာစာတင်ရတဲ့ပွဲပါ။ အမေရိကန်တွေဟာပထမဦးဆုံးသောအာဖရိကနွယ်ဖွား အမေရိကန်နိုင်ငံသားသမ္မတ သို့မဟုတ် ပထမဦးဆုံးသောအမျိုးသမီး ဒုတိယသမ္မတကို ရွေးချယ်ကြလို့ပါဘဲ။ဘာအကြောင်းကြောင့်နဲ့မှအမေရိကန်သမ္မတရွေးကောက်ပွဲကိုရွှေ့ဆိုင်းတာတို့ ရပ်ဆိုင်းတာတို့မရှိခဲ့ဘူးလို့ ဝါရှင်တန်ဒီစီမြို့တော် အမေရိကန်တက္ကသိုလ်က သမိုင်းပါမောက္ခ **အေလန်လစ်ချ်မဲန်း** က အခုလိုဆိုပါတယ်။

*“အမေရိကန်သမ္မတရွေးကောက်ပွဲကို ဒီနှစ်တော့မလုပ်နိုင်ဘူးဆိုပြီးရွှေ့ဆိုင်းခဲ့ရတာမျိုးတစ်ခါမှမရှိခဲ့ဖူးပါဘူး။ ပြည်တွင်းစစ်ကြီးအထွဋ်အထိပ်ရောက်နေတဲ့ ၁၈၆၄ ကလည်းသမ္မတရွေးကောက်ပွဲလုပ်ခဲ့တယ်။ ၁၉၃၂ စီးပွါးရေးပျက်ကပ်ကြီးဆိုက်နေတုန်းမှာလည်း သမ္မတရွေးကောက်ပွဲ ရှိခဲ့တာပါဘဲ ”*

အမေရိကန်သမ္မတရွေးကောက်ပွဲတွေဟာလွတ်လပ်ပြီး တရားမျှတတယ်။အငြင်းပွါးဖွယ်ရာမရှိခဲ့ဘူးလို့ သက္ကရာဇ် ၂၀၀၀ မတိုင်မီကအထိသမိုင်းမှာမှတ်တမ်းတင်ထားခဲ့ကြတာပါ။ ဒါပေမဲ့ ၂၀၀၀ သမ္မတရွေးကောက်ပွဲမှာတော့ ဖလော်ရီတာပြည်နယ်မှာ ဒီမိုကရက်တစ်သမ္မတလောင်း အယ်လ်ဂိုးကို လီပတ်ပလစ်ကန်သမ္မတလောင်း ဂျော့ချ်ဒဗလျူဘုရှ်က အနိုင်ရခဲ့တဲ့ကိစ္စကတော့ ပြည်ထောင်စု တရားရုံးချုပ်ကဝင်ရောက်ဖြေရှင်းပေးရတဲ့ အထိဖြစ်ခဲ့ရပါတယ်။

အမေရိကန် သမ္မတတွေထဲမှာ ရွေးကောက်တင်မြောက်ခြင်းမခံရဘဲ သမ္မတဖြစ်လာသူတစ်ဦး ရှိခဲ့ဖူးပါတယ်။ သူကတော့ ၁၉၇၄ ကနေ ၁၉၇၇ အထိသမ္မတဖြစ်ခဲ့တဲ့ ၃၈ ယောက်မြောက် သမ္မတကြီး ဂျယ်ရယ်ဖို့ဒ်ပါ။ သမ္မတ ရစ်ချတ်နစ်ဆင် ဝါးတားဂိတ်အဆောက်အဦးထဲက ဒီမိုကရက်ပါတီရုံးချုပ်ရဲ့ စာရွက်စာတမ်းတွေကို ဖောက်ထွင်းရယူမှုနဲ့ နုတ်ထွက်သွားရပြီးတဲ့နောက် ဒုတိယသမ္မတဂျယ်ရယ်ဖို့ဒ်ဟာ သမ္မတဖြစ်လာခဲ့တာပါ။ သမ္မတနစ်ဆင်သမ္မတဖြစ်တုန်းက ၁၉၇၃ မှာ ဒုတိယသမ္မတဟာစပီရိုအက်ဂ်နျူးဖြစ်ပါတယ်။ မစ္စတာအက်ဂ်နျူး လာဘ်စားမှုတွေနဲ့နုတ်ထွက်သွားတဲ့အခါမှာ အောက်လွှတ်တော် လူနည်းစုခေါင်းဆောင် သမ္မတဂျယ်ရယ်ဖို့ဒ် ဒုသမ္မတဖြစ်လာခဲ့တာပါ။ သမ္မတရဲ့ရွေးကောက်ပွဲတွေကို နိုဝင်ဘာလရဲ့ပထမဆုံးသောအင်္ဂါနေ့မှာ ကျင်းပခဲ့ကြတာပါ။ လယ်ယာစိုက်ပျိုးရေး အဓိကဖြစ်ခဲ့တဲ့အချိန်ကတည်းက ဒီအစဉ်အလာစခဲ့တာလို့ပါမောက္ခလစ်ချ်မဲန်းကပြောပြပါတယ်။

*“သမ္မတရွေးကောက်ပွဲနဲ့ လွှတ်တော်ရွေးကောက်ပွဲ ပြည်နယ်မြို့နယ်ရွေးကောက်ပွဲအားလုံးကို နိုဝင်ဘာလမှာလုပ်ခဲ့ကြတဲ့ သမိုင်းအစဉ်အလာကဒီလိုပါ။ အမေရိကန်ပြည်ထောင်စုမှာရွေးကောက်ပွဲတွေစတင်လုပ်ခဲ့တဲ့ ၁၈၄၀ ပြည့်နှစ်တုန်းက နိုင်ငံရေး ခေါင်းဆောင်တွေက ကောက်ရိတ်သိမ်းပြီးတဲ့ ဆောင်းဦးပေါက် နိုဝင်ဘာမှာရွေးကောက်ပွဲတွေစပြီးလုပ်ခဲ့တာကနေ အခုလိုအစဉ်အလာဖြစ်လာခဲ့တာပါ”*

သမ္မတရွေးဖို့ လူထုကတစ်ဦးချင်းမဲပေးကြပေမဲ့ လူထုမဲနဲ့



အေလန်လစ်ချ်မဲန်း

သမ္မတကိုတိုက်ရိုက်ရွေးကောက်တင်မြှောက်ခဲ့တာမဟုတ်ပါဘူး။သမ္မတလောင်းတစ်ယောက်ဟာ ပြည်နယ်တစ်ခုမှာလူထုမဲနဲ့အနိုင်ရပြီဆိုရင် အဲဒီပြည်နယ်အတွက်သတ်မှတ်ထားတဲ့ သမ္မတရွေးချယ်ရေး ကိုယ်စားလှယ်အရေအတွက်ကို အဲဒီသမ္မတလောင်းကရရှိပါတယ်။ ပြည်နယ်တစ်ခုချင်းရဲ့သမ္မတရွေးချယ်ရေးကိုယ်စားလှယ်အရေအတွက်သတ်မှတ်မှုကအဲဒီပြည်နယ်ရဲ့လူဦးရေနဲ့မဲဆန္ဒရှင်ဦးရေအပေါ် မှာမူတည်ပါတယ်။

ဥပမာ လူဦးရေအများဆုံးဖြစ်တဲ့ ကာလီ ဖိုးနီးယားပြည်နယ်မှာ လူထုမဲအရေအတွက်နဲ့ အိုဘားမားက အနိုင်ရခဲ့တဲ့ အိုဘားမားဟာ ကာလီဖိုးနီးယားရဲ့ သမ္မတရွေးချယ်ရေး ကိုယ်စားလှယ် ၅၅ ယောက်က သူ့ကိုကိုယ်စားပြုပေးတယ်လို့ သတ်မှတ်ပါတယ်။

တစ်ခါ ဒုတိယ လူဦးရေအထူထပ်ဆုံးဖြစ်တဲ့ တက္ကဆက်ပြည်နယ်မှာလူထုမဲနဲ့ မက်ကိန်းကအနိုင်ရခဲ့တဲ့မက်ကိန်းဟာ တက္ကဆက်ပြည်နယ်ရဲ့သမ္မတ ရွေးချယ်ရေးကိုယ်စားလှယ် ၃၄ ယောက်ကို သူ့အတွက်ကိုယ်စားပြု ပေးဖို့ရရှိပါတယ်။ ပြည်နယ် ၅၀ လုံးအတွက်စုစုပေါင်း သမ္မတရွေးချယ် ရေးကိုယ်စားလှယ်အရေအတွက်က ၅၃၈ ယောက်ရှိပါတယ်။

ဒါကြောင့် နိုဝင်ဘာ ၄ ရက်ရွေးကောက်ပွဲမှာ စုစုပေါင်း သမ္မတရွေးချယ်ရေးကိုယ်စားလှယ်အရေအတွက်ရဲ့ ထက်ဝက်ကျော်ဖြစ်တဲ့ ၂၇၀ ကိုရရှိတဲ့ အိုဘားမားက အနိုင်ရရှိပါတယ်။ ဒီတစ်ခါက် သမ္မတရွေးကောက်ပွဲအတွက် ဝိုင်းဝန်းပြီးထည့်ကြတဲ့ကုန်ကျစရိတ် ပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၂၀၀၀ ကျော်ရှိပြီးတော့ အမေရိကန်နိုင်ငံသားတစ်ဦးချင်းဟာ ရွေးကောက်ပွဲအတွက် အမေရိကန်ဒေါ်လာ ၇၀ နီးပါး ကုန်ကျတယ်လို့အဓိပ္ပါယ်ထွက်နေပါတယ်။

VOA *05/11/2008*



Photo : AFP

ဂျွန်း မက္ကိန်း နှင့် ဘရက်အိုဘားမား

# တိုင်းရင်းသားတို့ လူ့အခွင့်အရေး

# ဘာမှခံစားခွင့်မရှိသေး



"ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေငြာစာတမ်းထုတ်ပြန် ကြေငြာခဲ့တာ အနှစ် (၆၀) ရှိခဲ့ပေမဲ့ မြန်မာနိုင်ငံမှာဒီမိုကရေစီ အခွင့်အရေး၊ လူ့အခွင့်အရေးတွေ၊ တိုင်းရင်းသားတို့ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေဆုံးရှုံးနေတယ်။ လွတ်လပ်ရေးရပြီးကတည်းက ယခုအချိန်ထိပါဘဲ။ ဒီအခွင့်အရေးတွေကို ပြန်လည်ရရှိဖို့အတွက် တိုင်းရင်းသားလူမျိုးအားလုံး၊ နိုင်ငံရေးပါတီအားလုံးဆက်လက်ပြီး ကြိုးပမ်းသွားဖို့ လိုတယ်။"

**ဦးအေးသာအောင်**

"လူတိုင်းမှာ မွေးကတည်းက လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာယုံကြည်ခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့်၊ လွတ်လပ်စွာ ရေးသားခွင့် စတဲ့အခြေခံ လူ့အခွင့်ရေးတွေရှိပြီးသားဆိုတာ ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်းမှာအတိအလင်းဖော်ပြထားပေမဲ့ မြန်မာပြည်သူလူထုအနေနဲ့ ဒီလူ့အခွင့်အရေးတွေ မရရှိသေးဘူးလို့သုံးသပ်လို့ရပါတယ်။ လူ့အခွင့်အရေးဆုံးရှုံးနေတယ်ဆိုတာ ၂၀၀၇ ခုနှစ် စက်တင်ဘာအရေးအခင်းဖြစ်ရပ်က သက်သေပြနေပါတယ်။ လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်မရှိတာကျတော့ (ဘလောက်ဂါ) နေဖုန်းလတ်တို့၊ ကဗျာဆရာစောဝေတို့ရဲ့ဖြစ်ရပ်က လောလောလတ်လတ် သက်သေပြနေပါတယ်။

ရှမ်းပြည်မြောက်ပိုင်းဘက်ကလူတွေ မြောက်ပိုင်းမှတ်ပုံတင်ကိုင်ပြီးတောင်ပိုင်း၊ အရှေ့ပိုင်းဘက်သွားရင် တရားခံစစ်သလိုမျိုး အစစ်ဆေးခံရတာတွေ၊ တခါမိမိတို့ရဲ့ တိုင်းရင်းသားဘာသာ စာပေကိုလွတ်လပ်စွာသင်ကြားခွင့်မရရှိတာတွေ စတဲ့ဖြစ်ရပ်တွေပေါ့ဗျာ။ (License to Rape) လိုဟာမျိုး ရှမ်းပြည်ရဲ့ ဖြစ်ရပ်၊ တခါမွန်ပြည်မှာ(No land to Plant) လိုစာတမ်းတွေမှာ လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်ခံတာကို သက်သေပြနေတယ်။ အချုပ်ပြောရရင်တော့ တပြည်လုံးမှာ လက်ရှိကာလမှာသော်လည်းကောင်း၊ ပြီးခဲ့တဲ့ အချိန်ကာလတွေမှာသော်လည်းကောင်း၊ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး ဘာကိုမှအခြေအမြစ်ကျကျခံစားပိုင်ခွင့်မရရှိသေးဘူးဆိုတာကို ပြောကြားလိုပါတယ်။"

**SNLD ဦးစိုင်းလိတ်**



"ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် တစ်နိုင်ငံလဲဖြစ်တယ်။ လူ့အခွင့်အရေး တည်ထောင်ထားတာလဲအခုအနှစ် (၆၀) ပြည့်ဖြစ်နေတယ်။ ဒါပေမဲ့ အဲဒီစာသားတွေထဲမှာ သဘောတူထားတဲ့အခွင့်အရေးတွေနဲ့ ကျနော်တို့တကယ်ဖြစ်ပျက်နေတဲ့ ဒီနိုင်ငံမှာဖြစ်တာကတော့ တခြားစီပါပဲဗျာ၊အများကြီးလိုပါသေးတယ်။ အဲဒါကြောင့် ကျနော်တို့အတွက် ဝမ်းနည်းစရာပဲ။"

**ပူကျင့်ရှင်းထန်**

# ပြည်ထောင်စုဒီမိုကရေစီဝါဒ (Democratic Federalism)



ဦးရွှေအုန်း

လူမျိုးရေး (Racial) ကိုအခြေခံဖွဲ့စည်းသော နိုင်ငံရေးအဖွဲ့အစည်း သည် အဆင့်အနိမ့်ဆုံးဖြစ်၍ လက်တွေ့နိုင်ငံရေးတွင် ထိရောက်အကျိုးရှိမှု နည်းပါသည်။ ထိုနည်းတူစွာ ဘဝတူလူမျိုးများ စုပေါင်းထားသောဒေသ(Regional) ဆိုင်ရာအဖွဲ့အစည်းသည် အဆင့်မြင့်လာသော်လည်း လက်ရှိတိုးတက်လာနေသောခေတ်တွင် လုံလောက်မှုမရှိနိုင်တော့ပါ။ ယုံကြည်မှုဝါဒ (ISM) တစ်ခုခုပေါ်တွင် အခိုင်အမာတည်ဆောက်သော နိုင်ငံရေးအဖွဲ့အစည်းသာလျှင် ထိရောက်အားကောင်းမှုရှိမည် ဆိုသည်ကို လက်ခံရပါမည်။

ကျနော်တို့အတွက်သမိုင်း၏ စေ့ဆော်တိုက်တွန်းမှုအရလမ်းညွှန်ကြယ်အဖြစ်ပေါ်ထွန်းလာသည်မှာ ပြည်ထောင်စုဒီမိုကရေစီဝါဒသာဖြစ်သည်။ ပြည်ထောင်စုအဖြစ် စတင်တည်ဆောက်ကြစဉ် ၁၉၄၇ ကာလက နောင်တော်ခေါင်းဆောင်ကြီးများ (မြန်မာအပါအဝင်လူမျိုးစုများအားလုံး) ချို့ယွင်းလစ်ဟင်းခဲ့ကြ၍ ဒီမိုကရေစီဖြစ်ထွန်းလာသော်လည်း အနာအဆာများပါသော စစ်မှန်ခြင်းမရှိသည့် ပြည်ထောင်စုမျိုးတည်ဆောက်လာခဲ့ကြသည်။ နောင်ကာလများတွင် ဒီမိုကရေစီလည်းမရှိ၊ ပြည်ထောင်စုလည်းမဟုတ်သော အတုအယောင်ပြည်ထောင်စုများနှင့်သာကြုံတွေ့ခဲ့ရသည်။ ပြည်ထောင်စုဖခင်ကြီးများ လစ်ဟင်းလွှဲမှားလာခဲ့သော တာဝန်ကိုယခုခေတ်ခေါင်းဆောင်များ (ပြည်ထောင်စုဒီမိုကရေစီဝါဒ) လမ်းမှန်ပေါ် ပြန်လည်ရောက်ရှိရေးအတွက် ကြိုးပမ်းကြရန် သမိုင်းပေးတာဝန်သည် မိမိတို့ပုခုံးပေါ်တွင် ကျရောက်လာပြီဟု ခိုင်မြဲစွာ ခံယူကြရန်လိုပါသည်။

ယခင် ခေါင်းဆောင်ကြီးများသည် မှားယွင်းသောလမ်းစဉ်ကိုလိုက်နာမိကြရာ၌ မှားမှန်းသိလျက် စေတနာဆိုးဖြင့်လုပ်ခဲ့ကြသည်ဟု စွပ်စွဲရန်အကြောင်းမရှိပေ။ သို့သော်မည်မျှပင်စေတနာကောင်းခဲ့ကြစေကာမူ ဖြစ်ပေါ်လာခဲ့သောဆိုးကျိုးများအတွက် တာဝန်ယူကြရပါမည်။ ထိုစဉ်က ရှမ်းပြည်လူထုခေါင်းဆောင်များဖြစ်ခဲ့ကြသော ဦးတင်ဧ၊ ဦးထွန်းမြင့် (လင်းခေး)၊ ဦးထွန်းမြင့်(တောင်ကြီး) တို့သည် ထိုသို့မှားခဲ့သည့်အတွက် စေတနာကောင်းဖြင့်ဖြစ်စေကာမူ မိမိတို့တွင်တာဝန်ရှိခဲ့ကြကြောင်း ပွင့်လင်းရိုးသားစွာဝန်ခံခဲ့ကြဖူးပါသည်။ ယခုခေတ်နိုင်ငံရေးတာဝန်ယူနေကြသူများသည် သိရှိကြပါလျက်လမ်းမှန်သို့ရောက်အောင်မစွမ်းဆောင်နိုင်ခဲ့ကြလျှင် စေတနာဆိုးဖြင့်သိလျက်နှင့်မှားယွင်းခြင်းသဘောသက်ရောက်သွားနိုင်သည်ကိုသတိရှိကြရန်ထောက်ပြလိုပါသည်။ သမိုင်းမှ အမှားများသိရှိကြပြီးလျှင်မည်သို့ပြင်ကြရမည်ကိုလည်းသိရှိကြပါလျက် လက်တွေ့ဆောင်ရွက်ကြခြင်းမပြုကြဘဲ၊စမ်းတဝါးဝါးချီတက်နေကြလျှင် အချိန်နှင့်အခွင့်အရေးများ အလဟဿဖြုန်းတီးပြီး မိမိတို့အပေါ်ကျရောက်လာသောသမိုင်းပေးတာဝန်ကိုမကျေပြွန်ရာရောက်မည်မလွဲပါ။

နွံ့ထဲနစ်နေသောသူသည် ထိုနွံ့ထဲမှရုန်းထွက်နိုင်ရန် သာမာန်ထက်ပိုသောအင်အားကို သုံးရန်လိုပါသည်။ ကျနော်တို့သည် သမိုင်း၏နွံ့ထဲတွင်ကာလကြာရှည်စွာ နစ်မြုပ်နေခဲ့ကြသူများဖြစ်ရာ ရင်ဆိုင်နေကြရသည့် အခက်အခဲအင်အားစုမှာလည်း ကြီးမားလှသည်ဖြစ်သောကြောင့် စုပေါင်းအင်အားများစွာလိုသည်ကို သတိရှိကြရန်အထူးလိုအပ်ပါသည်။

ဦးရွှေအုန်း

FDP, FDGA ဖွဲ့စည်းရေးဆော်သြတိုက်တွန်းချက်စာတမ်းမှ ထုတ်နုတ်ဖော်ပြသည်

# စနစ်သစ်နိုင်ငံရေး ရောင်နီကလေးပင်မမြင်

ဂရိ ဒဿနပညာရှင် အရစ္စတိုတယ်လ်အဖို့ **"လူသားတိုင်း နိုင်ငံရေးသတ္တဝါများ ဖြစ်ကြသည်"** ဟုယုံကြည်၏။ နိုင်ငံရေးစနစ်အတွင်းမပါဝင်သူများမှာ ဒေဝါနတ်သားနှင့် အပဟိတ်တိရိစ္ဆာန်များ ဖြစ်ကြ၏။ အကြောင်းမှာလူသားအချင်းချင်း အတူတကွတရားမျှတစွာ ပူးပေါင်းနေထိုင်ကြသည့် စည်းမျဉ်းကလနားကို လူသားများသာ ချမှတ်လိုက်နာနိုင်ကြသောကြောင့် ဖြစ်သည်ဟုဆိုသည်။

ယနေ့ကျွန်ုပ်တို့တိုင်းပြည်အားဘာစနစ်ဖြင့် အုပ်ချုပ်နေသည်ကိုပင် မသိမမြင်နိုင်တော့သလောက်ဖြစ်နေ၏။ အာဏာရ လူတစ်စုတစ်ဖွဲ့က မည်သည့်နည်းလမ်း စည်းကမ်းဥပဒေကိုမျှ စိတ်မဝင်စားအလေးမထားတော့သည်ကို မျက်ဝါးထင်ထင်တွေ့မြင်ရ၏။ မိမိတို့အုပ်စုကြီးစိုးရေးအတွက် မိမိတို့၏ဆုံးဖြတ်ချက်အတိုင်းသာ ကျင့်ကြံလုပ်ဆောင်လာကြ၏။ မိမိတို့ဩဇာအာဏာ လွှမ်းမိုးနိုင်သရွေ့ တရားမျှတမှုလိုလားသူများ၊ တရားဥပဒေစိုးမိုးရေး စောင့်ရှောက်သူများ တရားစီရင်ရေးအကျိုးဆောင်များမှအစ တပြည်လုံးလူထုလူတန်းစား အသီးသီးအပေါ် အကြောက်တရား သေနတ်အားကိုးဖြင့် ဖိနှိပ်ချုပ်ခြယ် ထားလေသည်။

ဗိုလ်သန်းရွှေစစ်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် တိုင်းပြည်၏ အချုပ်အခြာအာဏာ (ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးအာဏာ) ၃ ရပ် စလုံးသည်ပြည်သူ့ဆန္ဒ အစစ်အမှန်မှဆင်းသက်ကြောင်း၊ နိုင်ငံ့အချုပ်အခြာအာဏာ၏ အရှင်သခင် အစစ်အမှန်မှာ တိုင်းရင်းသားပြည်သူများသာဖြစ်ကြောင်း၊ ပြည်သူတို့၏ ပြည်သူ့အတွက် ပြည်သူ့ဆန္ဒဖြင့် အုပ်ချုပ်သော တကယ့်အရပ်သား အစိုးရမျိုးကိုသာ ဖော်ဆောင်မည့် ဒီမိုကရေစီစနစ်ဖြစ်ကြောင်း၊ တရားမျှတမှု၊ တန်းတူမှု၊ လွတ်လပ်မှုအပြည့်အဝရှိသော၊ (တပြည်ထောင်စနစ် အနှစ်သာရ သွတ်သွင်းမထားသည့်) ပြည်ထောင်စုစစ်စစ်စနစ် အမှန်ကေန်ထူထောင်မည်ဖြစ်ကြောင်း – တခွန်းတပါဒမျှ လုံးဝဖော်ပြညွှန်းဆိုထားခြင်းမရှိပေ။

ဗမာပြည်တွင် စနစ်သစ်နိုင်ငံရေး ပေါ်ထွန်းရန်မှာ ရွှေပြည်တော် မျှော်တိုင်းဝေး ဖြစ်နေ၏။ မိမိပြည်သူလူထုအားမျက်မှောက် ၂၁ ရာစုလူသားအဖြစ်မှ ဂူအောင်း ကျောက်ခေတ်လူသားအဖြစ် ကူးပြောင်းရန် ဗိုလ်သန်းရွှေစစ်အုပ်စု အတင်းတွန်းပို့နေ၏။ စစ်အုပ်စု အလိုဆန္ဒအရ အကွက်ချ ဖန်တီးပြုလုပ်တိုင်း ပြည်သူ့ဆန္ဒအဖြစ်ပြောင်းလိမ် ဟစ်အော်ဝါဒဖြန့်နေ၏။ လာမည့် ၂၀၁၀ နအဖအလိုကျ ရွေးကောက်ပွဲသည် လည်း ၁၉၉၀ အထွေထွေရွေးကောက်ပွဲနှင့် ကွဲပြားခြားနားစွာ ဖြစ်ပေါ် လာမည်မှာ မလွဲမသွေ။

မြစ်ဝကျွန်းပေါ်ဒေသ ပြည်သူ ၁ သိန်းကျော် သေကျေပျောက်ဆုံးစေခဲ့သည့် နာဂစ်မုန်တိုင်းအပြီး ၂၀၀၈ မေလ နအဖအခြေခံဥပဒေအတွက် ပြည်သူ့ဆန္ဒခံယူပွဲ၏ အနှစ်သာရမှာ လူတစ်စု ဆန္ဒခံယူပွဲဖြစ်




Photo : Reuters


Photo : AP


Photo : Reuters

ကြောင်း တပြည်လုံးသိရှိကြသော်လည်း စစ်အုပ်စုကအပြုံးမပျက်ပေ။ **၂၀၁၀ ရွေးကောက်ပွဲမှာ ၁၉၉၀ ရွေးကောက်ပွဲနှင့် ဖီလာဆန့်ကျင်ပြီး ၂၀၀၈ မေလ ကလိမ်ကကျစ်ဆန္ဒခံယူပွဲပုံစံအတိုင်း ပို၍ညစ်ပတ် လိမ်ညာအာဏာအနုကြမ်းစီးမည့် စီမံကိန်းကြီးဖြစ်မည်မှာ သေချာသည်။** ထို့ကြောင့်ပင် ဒီမိုကရေစီလှုပ်ရှားတက်ကြွသူ စစ်အုပ်စုနှင့်သဘောထားကွဲလွဲသူ ကျောင်းသား၊ ဘုန်းကြီး၊ ဘုရားသား၊ နိုင်ငံရေးသမား၊ အနုပညာသမား ၂၀၀ ကျော်အား (မိမိရှေ့ဆက်ရမည့်ခရီးအတွက်ခြေလက် ငြိတွယ်ရှုပ်ထွေး မျက်စိဆံပင်မွေးစုံးစရာ ပေါင်းပင်ခြုံနွယ်အလားသဘောထား၍) ထောင်ဒဏ် နှစ်ရှည်ချမှတ်ရှင်းလင်းလိုက်ခြင်း ဖြစ်လေသည်။

၂၀၁၀ နောက်ပိုင်း စစ်ယူနီဖောင်းဝတ် အရပ်သားအစိုးရ အဖွဲ့ အာဏာသြဇာခိုင်မြဲစွာ ရေပက်မဝင်ပိတ်ဆို့ထိန်းချုပ်ပြီး သကာလ သက်ရှိထင်ရှားဦးမည်ဆိုပါက သမ္မတကြီးဦးသန်းရွှေ မှအထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ထုတ်ပြန်မည်။ ထောင်ဒဏ်နှစ်ရှည် နိုင်ငံရေးအကျဉ်းသားများလွတ်ပေးကောင်းလွတ်ပေးမည်ဟု အချို့ကသုံးသပ်ကြ၏။ ထိုအချိန်ကျမှနိုင်ငံ့ဦးသျှောင်ကြီး သခင်တော်သန်းရွှေ အဖို့ ကျေးဇူးရှင်၊ မဟာဂရုဏာရှင်၊ ရေမြေ့ရှင်ကြီးအဖြစ်ခံယူလိုဖွယ်ရှိမည် ဟု ခန့်မှန်းကြည့်မိသည်။

နဝတ/နအဖတို့ အနှစ် ၂၀ ခါးမိုးအုပ်ချုပ်လာသည့် ကာလအတွင်း နိုင်ငံတော်၏ အရှင်သခင် ပြည်သူလူထု၏ ဆန္ဒအစစ်အမှန်ကို မည်သည့်အခါမျှ စုံစမ်းမေးမြန်းခြင်းအလျဉ်းမရှိသည်သာမက လူထုဆန္ဒ Mandate ရ NLD / SNLD တို့လို ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရပါတီဝင်များအား ပို၍ပင်သုတ်သင်ဖယ်ရှားနှိပ်ကွပ်လာ၏။ စစ်အုပ်စုထိပ်သီးလေးငါးယောက် လိုချင်သည့်ပုံစံအတိုင်း သတ်မှတ်ဆုံးဖြတ်ပြီး တက်သုတ်နှင်လာခဲ့၏။ "ပြည်သူတချို့ကို တချိန်လုံး (သို့မဟုတ်) ပြည်သူအားလုံးကို ကာလတဒင်္ဂသာ အရူးလုပ်နိုင်သော်လည်း ပြည်သူတစ်ရပ်လုံးကို တချိန်လုံး အရူးမလုပ်နိုင်။ You can fool some of the people all the time , and you can fool all the people some of the time . But you cannot fool all the people all the time"ဆိုသည်မှာဗမာပြည်အတွက် မကိုက်ညီမမှန်ကန်ဟု ဗိုလ်သန်းရွှေတို့ယုံကြည်ယူဆ သတ်မှတ်ထားကြပုံပေါ်သည်။

တိုင်းချစ်ပြည်ချစ်ပြည်သူလူထုသည် အမျိုးဘာသာသာသနာ မြတ်နိုးကိုးစားမှုတွင်သော်လည်းကောင်း၊ နည်းလမ်းစည်းကမ်း ဥပဒေလိုက်နာမှုတွင်သော်လည်းကောင်း၊ မိမိတို့ထက်မနိမ့်ကျမလျော့နည်းကြောင်း ဗိုလ်သန်းရွှေတို့ လက်ခံအသိ အမှတ်ပြုခြင်းအလျဉ်းမရှိပေ။ နိုင်ငံ့အချုပ်အခြာအာဏာ၏ မူလဘူတပိုင်ရှင်အစစ်အမှန်မှာ ပြည်သူများသာဖြစ်၏။ ပြည်သူ၏ ပြည်သူ့အတွက် ပြည်သူများမှရွေးကောက်သော ၁၉၉၀ ရွေးကောက်ပွဲထက် မနိမ့်ကျမပေ့ါလျော့သည့် လွတ်လပ်မျှတသော စနစ်သစ် နိုင်ငံရေးအတွက်ဘက်စုံတက်စုံ တက်ညီလက်ညီဆင်နွှဲသွားကြရမည်ဖြစ်သည်။ သို့သော်တိုင်းရင်းသားပြည်သူများ မျှော်မှန်းသည့် မျှတလွတ်လပ်တန်းတူသော ပြည်ထောင်စုစစ်စစ် စနစ်သစ်နိုင်ငံရေးအဖို့ ရောင်နီကလေးသန်းမည့်အရိပ်အယောင်များ တွေ့မြင်ရပြီလော?။

**ကြယ်မင်းခေါင်** (သျှမ်းပြည်) ၂၉/၁၁/၂၀၀၈


Photo : AFP



Photo : AP

# မည်သည့်ပုံစံ ဒီမိုကရေစီနည်း?




ဒီမိုကရေစီဆိုသည်မှာ အချုပ်အခြာအာဏာဟူသော တိုင်းပြည်၏အမြင့်မားဆုံးအာဏာအပေါ် ပြည်သူလူထုက အသျှင်သခင်ဖြစ်သည့် အုပ်ချုပ်ရေးပုံစံကိုဆိုလို၏။ ပြည်သူလူထုတရပ်လုံး ပိုင်ဆိုင်သည့် ပြည်သူ့အချုပ်အခြာအာဏာဖြစ်၏။ သို့ဖြစ်၍ အချုပ်အခြာအာဏာဝေါဟာရရှေ့တွင် တွဲထည့်ပါရှိထားသည့် စကားလုံးအတိုင်း အချုပ်အခြာ၏ ပိုင်ရှင်ကို ညွှန်းဆိုအဓိပ္ပါယ်ဖော်ဆောင်ခြင်းဖြစ်သည်။

သာဓကအားဖြင့် ရာဇာဓိပတိ အချုပ်အခြာအာဏာဆိုလျှင် ဘုရင်က အမြင့်ဆုံးအာဏာကို ပိုင်ဆိုင်၏။ ဂဏာဓိပတိအချုပ်အခြာဆိုလျှင် လူ ၄-၅-၆-၁၀ ယောက်လူတစုတဖွဲ့က အမြင့်ဆုံးအာဏာ၏ ပိုင်ရှင်ဖြစ်သည်။

ပဇာဓိပတိဟုထိုင်းပါဠိဝေါဟာရကသုံးနှုန်းသော ပြည်သူများပိုင်ဆိုင်သည့် အချုပ်အခြာအာဏာ(သို့)ဒီမိုကရေစီစနစ်ကား တကယ့်လက်တွေ့ အနေအထားအရလူထုမှ သွယ်ဝိုက်အသျှင်သခင်သာဖြစ်၏။ လက်လုပ်လက်စားပြည်သူတရပ်လုံးနေ့တဓူဝ ဘဝရှင်သန်ရေးအတွက် လုပ်ရှားရုန်းကန်နေရသဖြင့် တိုင်းပြည်စီမံကွပ်ကဲရေး/ နိုင်ငံ့အုပ်ချုပ်ရေးတွင် အချိန်ပေးတာဝန်ယူနိုင်ခြင်းမရှိပေ။ အမှန်တကယ်အချိန်ပေးနိုင်သော်မှ ပြည်သူအားလုံးသွားရောက်ရုံးထိုင် အလုပ်လုပ်နိုင်ကြမည်မဟုတ်ပေ။ လူအားလုံး စားသောက်ဘို့ရှိသမျှလူအားလုံးက မီးဖိုချောင်ထဲဝင်၍ အချက်အပြုတ်မလုပ်နိုင်သည့် ဥပမာကဲ့သို့ဖြစ်သည်။ ထို့ကြောင့် တကမ္ဘာလုံးရှိဒီမိုကရေစီနိုင်ငံတိုင်း လူထုကိုယ်စားပြုဒီမိုကရေစီ (Representative Democracy)ပုံစံကိုသာ အားလုံးကျင့်သုံးနေကြခြင်းဖြစ်သည်။

ယေဘူယျအားဖြင့် လူထုကိုယ်စားပြုပုဂ္ဂိုလ်(သို့)ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှာ သက်ဆိုင်ရာနိုင်ငံများ ကျင့်သုံးပုံကွဲပြားမှုအလိုက် ၄ မျိုး ၄ စားရှိသဖြင့် ပုံသေစံချိန် စံနှုန်းသတ်မှတ်၍မရပေ။

## (၁) ယုံမှတ်အပ်နှံခြင်းခံရသည့် အုပ်ထိန်းရေးအဖွဲ့ပုံစံ လူထုကိုယ်စားလှယ် (Trustee)

ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု အပြည့်အဝရရှိမှုဖြင့်ရွေးခြယ်တင်မြှောက်ခံရသူများဖြစ်၏။ မိမိတို့၏ ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုများဖြင့် ပြည်သူ့အတွက် အကျိုးစီးပွားဖြစ်သည်ဟုယူဆလျှင် လူထုကိုယ်စား-အားလုံး ဆုံးဖြတ်လုပ်ဆောင်ကြသူများ ဖြစ်သည်။

အမေရိကန်သမိုင်းမှ ဥပမာပြရပါက - အမေရိကန်ကွန်ဖက်ဒရေးရှင်း အခြေခံဥပဒေ ကို ပြင်ဆင်ရန်အမေရိကန်ပြည်သူများက မိမိတို့၏ ကိုယ်စားလှယ်များအား ရွေးခြယ်တင်မြှောက်ခဲ့ကြသော်လည်း ၎င်းကိုယ်စားလှယ်များသည် ကွန်ဖက်ဒရေးရှင်းမှ ဖက်ဒရယ်ဖွဲ့စည်းပုံသစ်အဖြစ် ခေါင်းချင်းရိုက်ဝိုင်းဝန်းရေးဆွဲခဲ့ကြ၏။ အနှီဖွဲ့စည်းပုံကား ယနေ့တိုင်အသုံးပြုဆဲနှစ်ပေါင်း ၂၀၀ ကျော်အထိ ကမ္ဘာ့သက်တမ်းအရင့်ဆုံး အခြေခံဥပဒေဖြစ်သည်။

ယနေ့ထိုင်းနိုင်ငံတွင်လည်း Trustee ပုံစံပါလီမန် အမတ် ခပ်များများရှိနေ၏။ မဲဝယ်မှုအပါအဝင် နည်းမျိုးစုံဖြင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံလာရသည်နှင့်မိမိတို့အဖို့ တရားနည်းလမ်းကျစွာ အသပြာလမ်းခင်း၍ ပါလီမန်အတွင်းရောက်လာရသည့်

အလား မိမိတို့စိတ်တိုင်းကျဆုံးဖြတ်ချက်ချနိုင်သူများအဖြစ်မှတ်ယူထားကြသည်။

## (၂) စာပို့လုလင်ပုံစံ လူထုကိုယ်စားလှယ် (Delegate)

ယနေ့အမေရိကန်ပြည်ထောင်စုတွင်တွေ့မြင်ရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ လက္ခဏာပင်။ မဲဆန္ဒရှင်များ၏ လိုလားမှုဆန္ဒညွှန်ကြားချက်ကို အမြဲစောင့်စားနေကြ၏။ လူထုလိုလားတောင့်တမှုကို ထင်ဟပ်ဖော် ပြသည့်စစ်တမ်း Poll များအား နားစွင့်သုံးသပ်ခြင်းဖြင့်ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးလေ့ရှိသည်။ ကျွန်ုပ်တို့တိုင်းပြည်တွင် ကျွန်ပုံစံလူထုကိုယ်စားလှယ်များ တစိတ်တဒေသရှိ၏။ သို့သော်အများစုမှာ ရွေးကောက်ပွဲမှ အနိုင်ရသူ ဖြစ်လေ့မရှိပေ။

## (၃) လူထုအာဏာအပ်နှင်းခြင်းခံရသည့် လူထုကိုယ်စားလှယ်ပုံစံ (Mandate)

Trustee ပုံစံနှင့် Delegate ပုံစံလူထုကိုယ်စားလှယ်ပေါင်းစပ်ပြီးနှစ်နှင့်စားသည့် အလယ်အလတ်သမားပါလီမန်အမတ်ကိုဆိုလို၏။ MP အဖြစ်အရွေးခံရပါက ဘန်ကောက် မြေအောက်ရထားလမ်းများ ဆက်စပ်ပေါက်ရောက်စေရန် အစွမ်းအစရှိသရွေ့ စီမံလုပ်ဆောင်မည်ဟု ပြည်သူလူထုကို စည်းရုံးမဲဆွယ်ပြီး Idea ရောင်း၏။ ထိုင်းပြည်သူအများစုအဖို့ ဤပုံစံ MP များကိုလိုလားနှစ်သက်ကြသည်။

ထတ်ဆင်လက်ထက်ကနဦးပိုင်း၌ အနီ Mandate MP များပါဝင်သောအစိုးရဖြစ်မည်ဟုမျှော်လင့်ခဲ့ကြ၏။ နောက်ပိုင်းမှာမူ– Trustee ကိုယ်စားလှယ်များဖြစ်သွားကုန်ကြသည်။

မေ့ပျောက်လွယ်ပြီးစလွယ် ထိုင်းလူထုအဖို့ MPများ၏စကားမတည် ဂတိဖျက်မှုခံရတိုင်း –***"သူတို့လည်းပိုက်ဆံကြဲပြီး မဲဝယ်ရတဲ့ အရင်းအနှီးစိုက်ထုတ်သူတွေပေကိုး"*** – ဟု မိမိကိုယ်ကိုနှစ်သိမ့်ရရှာ ၏။ သို့ဖြစ်၍မဲဆွယ်စည်းရုံးစဉ်ပြည်သူလူထုထံ အသနားခံကတိကဝတ်ပေးထားသည့်စကားကိုလားလားမျှ ငဲ့ကွက်စရာမလိုဘဲမိမိတို့ စိတ်ဆန္ဒအတိုင်း ဆုံးဖြတ်ပစ်ကြ၏။ ငွေကုန်ခံပြီးမဲဝယ်နိုင်၍သာMP ဖြစ်လာကြသည်ဟု နားလည်ထားတတ်ကြသောကြောင့်ဖြစ်၏။ ထိုင်းလူထု အများစုကလည်း *"MP ဆိုမှတော့ ဒီပုံစံပေါ့"* ဆိုသည့်အလားသဘောထားတတ်လေ့ရှိသည်။

## (၄) အစုအဖွဲ့အလိုက်ကိုယ်စားပြု လူထုကိုယ်စားလှယ်ပုံစံ (Resemblance)

အမျိုးသမီးကိုယ်စားလှယ်၊ ဘာသာသာသနာရေး ကိုယ်စားလှယ်၊ အလုပ်သမား/လယ်သမားကိုယ်စားလှယ်၊ ဝန်ထမ်းကိုယ်စားလှယ်၊ လိင်တူဆက်ဆံသူများကိုယ်စားလှယ် စသဖြင့်လူထုလူတန်းစားလူ့ အလွှာအလိုက်၊ အသက်မွေးဝမ်းကျောင်းအမျိုးအစားအလိုက်ကိုယ်စားလှယ် (ဥပမာကြံ့စိုက်တောင်သူများ သမဂ္ဂကိုယ်စားလှယ် ဆရာဝန်/ကျောင်းဆရာသမဂ္ဂကိုယ်စားလှယ်)တို့ဖြစ်ကြသည်။ဤပုံစံလူထုကိုယ်စားလှယ်မှာသက်ဆိုင်ရာအုပ်စုအချင်းချင်းအကြားအင်အားတောင့်တင်းပြင်းထန်ဆိုးရွားသည့်ပြိုင်ဘက်များ ရှိတတ်၏။ ဥပမာ အမျိုးသမီးသမဂ္ဂအတွင်းအမျိုးသမီးဆိုင်ရာပေါ်လစီများအပေါ် အမျိုးသမီးဂိုဏ်းဂဏအချို့ ဆန့်ကျင်တိုက်ခိုက်လေ့ရှိသည့် ကိစ္စပင်။ ၁၉၇၂ ကျားမတန်းတူမှုအခွင့်ရေးအတွက် အမေရိကန်ပြည်ထောင်စုက အခြေခံဥပဒေပြင်ဆင်ဖြည့်စွက်ခဲ့သည့် သာဓကရှိခဲ့၏။ (ရှေးအခါဂရိ၊ ဆွစ်ဆာလဲန်အပါအဝင်ပြင်သစ်၊ အင်္ဂလိပ်၊ အမေရိကန်) စသည့်အနောက် တိုင်းဒီမိုကရေစီနိုင်ငံအားလုံးနီးပါးက အမျိုးသမီးများလည်း အမျိုးသားများကဲ့သို့ လွှတ်လပ်စွာမဲဆန္ဒပေးပိုင်ခွင့်အပါအဝင် ကျား/မတန်းတူရေးလို အခြေခံဥပဒေတွင်ပီပြင်စွာ ပြဋ္ဌာန်းထားရသည်။

ဖွဲ့စည်းပုံပြင်ဆင်ဖြည့်စွက်ရေးသားရာ၌ အမေရိကန်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် ၅၀ အနက် ၃ ပုံ ၄ ပုံ(၇၅ ရာခိုင်နှုန်း) ထောက်ခံမှုရမှအတည်ပြုပြဋ္ဌာန်းနိုင်သဖြင့် ၃၈ ပြည်နယ်က ၇ နှစ်အတွင်း ထောက်ခံအတည်ပြုပေးခဲ့ရ၏။ နောက်ဆုံး၌ကျားမတန်းတူမှုရှိစေရန်ဖွဲ့စည်းပုံပြင် ဆင်ဖြည့်စွက်မှု (Equal Right Amenndment , ERA) အပေါ် အမျိုးသမီးလူထုများစွာ ဆန္ဒပြဆန့်ကျင်ကြသဖြင့် အခြေခံဥပဒေ၌ မပြဋ္ဌာန်းနိုင်ဘဲ ပယ်ချခြင်းခံခဲ့ရသည်။ ဒီမိုကရေစီဆိုင်ရာအဓိကအခြေခံမှုအရ **အခွင့်အရေးရှိလျှင် တာဝန်ဝတ္တရားလည်းရှိသည်** ဟူသောအချက်အရဆန္ဒပြ ကန့်ကွက်ကြသူအမျိုးသမီးထုကြီးက – အမျိုးသမီးများလည်း အမျိုးသားများနည်းတူစစ်ထဲ မဝင်မနေရဆင့်ခေါ်ခံရမည်ကိုစိုးရိမ်ကြသောကြောင့်ဖြစ်သည်။

**ဒီမိုကရေစီပုံစံစနစ်ကားတမျိုးအစားတည်းရှိသည်မဟုတ်ပါကြောင်း။**

**ကိုးဝိတ – ဝုန်းဆုရဝပ်**

မတိချွန်းသတင်းစာ (၁၇/၀၉/၂၀၀၈)



# နအဖ ၂၀၁၀ ရွေးကောက်ပွဲ နဲ့

# အပစ်ရပ်များ အလားအလာ

"ယေဘုယျ အားဖြင့် အပစ်ခတ်ရပ်စဲထားတဲ့အဖွဲ့တွေရဲ့ သဘောထား၊ လက်နက်ကိုင်တိုက်ပွဲဝင်ဆဲအဖွဲ့တွေနဲ့ ပြည်တွင်းနိုင်ငံရေးအဖွဲ့အစည်းဖြစ်တဲ့ ခွန်ထွန်းဦးတို့ရဲ့ NLD သဘောထား၊ သူတို့အနေအထားကတခုနဲ့တခု မတူကြဘူး။

အပစ်အခတ်ရပ်စဲထားတဲ့အဖွဲ့အစည်းတွေ ၂၀၁၀ ရွေးကောက်ပွဲဝင်ပြိုင်မလားမပြိုင်ဘူးလားဆိုတာ အခုချိန်ထိ ဂဃနဏမသိရသေးဘူး။ ခရေစေ့တွင်းကျပြောရဖို့လည်းသူတို့ဝန်လေးနေတဲ့ သဘောရှိတယ်။ အပစ်မရပ်တဲ့အဖွဲ့အစည်းတွေကတော့ ၂၀၁၀ ရွေးကောက်ပွဲကိုသူတို့လုံးဝသဘောမတူဘူး။ ပါဝင်ယှဉ်ပြိုင်ဖို့လဲ သူတို့အားမပေးဘူးဆိုတဲ့သဘော။ SDU သဘောထားအနေနဲ့ပြောရရင် နအဖရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်ခြင်းမရှိဘူးဆိုရင် လုံးလုံးအရှုံးပေးတဲ့သဘောဖြစ်သွားမယ်။ တကယ်လို့ပါဝင်ယှဉ်မယ်ဆိုရင်လဲ legitimacy လို့ခေါ်တဲ့တရားဝင်မှုဖြစ်အောင် ထောက်ခံပေးသလိုဖြစ်သွားမယ်။ အဲဒီမတိုင်ခင် ကျနော်တို့ထပ်ပြီးချင့်ချိန်ဆွေးနွေးရမယ်လို့ထင်ပါတယ်။"

"အဖွဲ့အစည်းတခုချင်းစီရဲ့ အနေအထားက ပုံစံမတူတော့ ၂၀၁၀ ရွေးကောက်ပွဲပါဖို့မပါဖို့ဆိုတာ အကုန်လုံးပေါင်းပြီးဆုံးဖြတ်လို့မရဘူး။ ဥပမာအားဖြင့်ပြောမယ်ဆိုရင် SSA - North က SSPP Shan State Progress Party ဆိုတာရှိတယ်။"

### ရွေးကောက်ပွဲမှာ တိုင်းရင်းသားတွေအနိုင်ရမှာလား

"နအဖက အကုန်လုံးစီစဉ်ထားတယ်မဟုတ်လား၊ တိုင်းရင်းသားတွေ နိုင်ဖို့လမ်းက နည်းတယ်။ ဒါပေမဲ့ ကြားထဲမှာ အခွင့်အရေးရလိုရငြား အဲလိုဝင်ချင်တဲ့သူလဲရှိတယ်။ တကယ်တမ်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို လုပ်ချင်တယ်ဆိုရင် စစ်မှန်တဲ့ပြည်ထောင်စုတခုထောင်လို့ရှိရင် တခါထဲ လုပ်ရင်ရမှာဖြစ်တယ်။"



စိုင်းဝမ်းဆိုင်

"တိုင်းရင်းသားလူမျိုးစုအရေးတွေကို မဖြေရှင်းနိုင်ရင် အနာဂတ် သူတို့ရေးဆွဲတဲ့ဖွဲ့စည်းပုံကြီးက တိုင်းပြည်အခြေအနေကို ထိန်းသိမ်းနိုင်မှာမဟုတ်ဘူး။ ပြည်တွင်းစစ်မီးအဟုန် ဆက်ပြီးတောက်နေဦးမှာဘဲ။ ပြည်ထောင်စုခိုင်မြဲရေး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဆိုတာက တကယ်တမ်းအခွင့်အရေးမပါဘဲနဲ့ လုပ်နိုင်တဲ့အလုပ်မျိုး မဟုတ်ဘူး။"

"တချို့တမောင်းနွဲ့မဲ့ ပုဂ္ဂိုလ်မျိုးလည်းရှိတယ်။ ဥပမာ SSNA Shan State National Army လိုမျိုး။ SSA-S နဲ့ပေါင်းသွားတဲ့ သာဓကတွေရှိတယ်။ဒါကခေါင်းဆောင်မှုအပိုင်းရဲ့ သိမ်းသွင်းမှုအပေါ် အများကြီးမူတည်တယ်။ ဗိုလ်မှူးကြီး စိုင်းယီတို့လို ခေါင်းဆောင်တွေ ပေါ်လာမယ်ဆိုရင် တချို့တမောင်းနွဲ့ချင်တဲ့သူတွေ ပိုများလာနိုင်တယ်။"

**စိုင်းဝမ်းဆိုင် SDU အတွင်းရေးမှူး**

### မဖြစ်မနေပါတီဖွဲ့ခိုင်းရင် လက်နက်ကိုင်တိုင်းရင်းသားတွေအတွက် ဖြစ်ပေါ်လာမဲ့ အနာဂတ်အခြေအနေ

"ဒါကတော့ အဖွဲ့အစည်းပေါ်မှာ မူတည်တယ်။ အင်အားတောင့်တင်းတဲ့ အဖွဲ့အစည်းတွေကတော့ ခပ်မာမာဘဲငြင်းကြတယ်။ ပါသင့်မှပါမယ်။ ပါချင်မှလဲပါမယ်။ အဓိကကတော့ နယ်စပ်ဒေသလက်နက်ကိုင်အဖွဲ့အများစုပြောနေတဲ့ကိစ္စက လက်နက်မဖြုတ်ရေးပြဿနာဘဲ။ ရွေးကောက်ပွဲဝင်ရေးမဝင်ရေးကို နက်နက်နဲနဲစဉ်းစားတာထက် လက်နက်ဖြုတ်ခံရမှာကိုလက်တွေ့ပိုပြီးစဉ်းစားတယ်။သူတို့ပါတီထောင်မယ်ဆိုတာစောစောကသူတို့ပုတ်ထုတ်ထားတာရှိတယ်။ ဒါပေမဲ့ တိုင်းရင်းသားအဖွဲ့အစည်းတော်တော်များများက သူတို့မလုပ်သင့်မလုပ်ထိုက်တဲ့အလုပ်မျိုးသိကြပေမဲ့ သူတို့အင်အားမရှိဘူး၊ တချို့တိုင်းရင်းသားခေါင်းဆောင်တွေ ကိုယ့်ကိုကိုယ်လိမ်နေကြတယ်။ တချို့ဆိုရင်ဝင်ခိုင်းခံထားရတော့ သူတို့သွားချင်ရင်သွားကြမှာ။ ကျနော်မြင်တာက အဖွဲ့အစည်းတိုင်း ဒီဟာနဲ့ပတ်သက်ပြီးသုံးဖွဲ့ကွဲသွားနိုင်တယ်။ ဒီဟာကိုလက်မခံဘဲ ဆက်တိုက်မဲ့အဖွဲ့။ တချို့လဲ တိုက်ကြီးတွေကားကြီးတွေ သဘော်ကြီးတွေနဲ့ အိပ်ပျော်နေတော့ ဒီအရှုပ်အရှင်းမှာမပါချင်တော့ဘူးဆိုပြီး ရှန်းထွက်ဖို့ကြိုးစားနေကြတယ်။ နာမည်ဘဲတိုင်းရင်းသားခေါင်းဆောင်ခံထားတာ။ သူ့ကိုယ်ကျိုးအတွက် မိသားစုအတွက်ဘဲ။ အခု ဗမာစစ်ဗိုလ်တွေလိုပေါ့။ နောက်တတိယတခုကဆက်ပြီးတော့ဗမာအစိုးရနဲ့လက်တွဲပြီး ရတဲ့နေရာမှာဝင်ပြီး စည်းမပြတ်ဘဲနေချင်တဲ့ ခေါင်းဆောင်တချို့ရှိတယ်။

**ဦးအောင်ကျော်ဇော**

တရုတ်နယ်စပ် မြန်မာ့နိုင်ငံရေး/စစ်ရေးကျွမ်းကျင်သူ

## ၂၀၁၀ ရွေးကောက်ပွဲမှာ တိုင်းရင်းသားတွေပါသင့်–မသင့်

"၂၀၁၀ ရွေးကောက်ပွဲမှာ တိုင်းရင်းသားတွေ မပါဝင်သင့်ဘူး။ အထူးသဖြင့် တိုင်းသားတွေဘက်က ရွေးကောက်ပွဲကိုသွားမဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြန်ပြင်ဆင်ဖို့ အရင်တောင်းဆိုပြီးတော့မှ ရွေးကောက်ပွဲဝင်ဖို့ စဉ်းစားသင့်တယ်။ အခုပုံစံအတိုင်းဆို ရင်ရွေးကောက်ပွဲနဲ့ လုံးဝမပတ်သက်သင့်ဘူးလို့ အကြံပေးချင်ပါတယ်။ **NLD** ကတောင်းဆိုတဲ့ **consitution of view** ကိုကျနော်တို့လဲ အပြည့်အဝထောက်ခံတယ်။ တချိန်ထဲမှာဘဲ တိုင်းရင်းသားတွေကိုပေးထားတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရဒေသ/တိုင်းတွေက စစ်မှန်တဲ့အခွင့်အရေးတွေမပါဘူး။ အကြီးအကဲတွေတောင်မှ ကိုယ့်ဟာကိုယ်မခန့်အပ်နိုင်တဲ့အခြေအနေမျိုး။ နောက်ပြီး ၂၀၁၀ ရွေးကောက်ပွဲမှာ နအဖကသေချာပေါက်အနိုင်ရဖို့ ပြင်ဆင်ထားတယ်ဆိုတော့ တိုင်းရင်းသားပါတီအဖွဲ့ငယ်လေးတွေ ကိုယ့်ဒေသနဲ့ကိုယ်ဝင်မယ်ဆိုရင်တောင်မှ အနိုင်ရဖို့လမ်းစ မရှိသလောက်ဖြစ်နေတယ်ဆိုတာ ကျနော်တို့တွေ့ရပါတယ်။"

ဗိုလ်မှူးကြီး ခွန်ဥက္ကာ PPLO



ခွန်ဥက္ကာ

## တိုင်းရင်းသားညီညွတ်မှုမရှိရင် ရှေ့ရွေးကောက်မှာ လူထုလိုချင်တဲ့၊ တိုင်းရင်းသားတွေမျှော်မှန်းတဲ့ တခုခုအတွက်ဘာဆက် လုပ်ရမှာလဲ

"ပြည်တွင်းမှာ အကြောင်းအမျိုးမျိုးကြောင့်ရှိနေတဲ့ငြိမ်းချမ်းရေးအဖွဲ့တွေရဲ့ အခက်အခဲကို ကျနော်တို့သိတဲ့အခါကျတော့ – ၂မျိုးရှိတယ်။ နိုင်ငံရေးပါတီဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို နအဖမထုတ်ပြန်သေးတော့ အဲဒီဥပဒေထဲမှာဘယ်လိုကန့်သတ်ချက်တွေ ထိန်းချုပ်မှုတွေပါမှန်းမသိကြဘူး။ အင်မတန်ကြောက်စရာကောင်းတဲ့ ကွက်လပ်တခုဖြစ်တယ်။ နောက်တခုကလဲနိုင်ငံရေးပါတီဖွဲ့စည်းခြင်းနဲ့ တိုင်းရင်းသားတွေ လက်နက်ကိုင်ထားခြင်းကို ဘယ်လိုအကြံအစည်မျိုးနဲ့လက်နက်တွေ ဖြုတ်သိမ်းဖို့ (ဒါမှမဟုတ်) လက်နက်ကိုင်အဖွဲ့အစည်းတွေကို အသွင်ပြောင်းဖို့ (ပြည်သူ့စစ်အသွင်၊ ကာကွယ်ရေးအသွင်ပြောင်းဖို့) အကြံအဉာဏ်တွေ တဘက်ကပါနေတော့ ပါတီဖွဲ့ရေးဆိုတာ တကယ်တော့ လက်နက်ဖြုတ်သိမ်းဖို့အတွက် ထောင်ချောက်တခုဖြစ်မှာကိုလဲ သူတို့ကြောက်တယ်။ ပါတီဖွဲ့ရေးဆိုတာလဲ နောက်ကွယ်မှာ အဲဒီဖွဲ့တဲ့ ပါတီတွေဟာ တကယ်ဘဲကိုယ့်ဒေသ ကိုယ့်အခြေအနေနဲ့အနိုင်ရဖို့ တိုင်းရင်းသားပါတီတွေ ပါဝင်ခြင်းအားဖြင့် ရွေးကောက်ပွဲက တရားမျှတတယ် သန့်ရှင်းတယ်လို့ပြောပြီးတော့၊ တဘက်က တိုင်းရင်းသားပါတီတွေ လုံးဝအနိုင်မရအောင်လုပ်ထားမယ်ဆိုရင် အလိုအလျောက်နအဖရဲ့ရွေးကောက်ပွဲတရားဝင်အောင် လုပ်ပေးသလိုဖြစ်သွားမယ်။ အခွင့်အရေးလဲအစစ်အမှန်မရဘူး။ နအဖရွေးကောက်ပွဲက လွတ်လပ်ပြီး တရားမျှတတဲ့ ပုံသဏ္ဍာန်ဖြစ်သွားအောင် လုပ်သွားနိုင်တယ်ဆိုတဲ့ အန္တရာယ်ဖြစ်သွားနိုင်တယ်။"

ဗိုလ်မှူးကြီးခွန်ဥက္ကာ PPLO

## နအဖ ဖိအားပေးတာကို တိုင်းရင်းသားတွေ မနာခံဘဲနဲ့ လက်နက်ကိုင် ပြန်တော်လှန်ဖို့ အခြေအနေရှိလား

"အဖွဲ့အစည်းကြီး တော်တော်များများမှာ ဒီလိုအခြေအနေတွေရှိပါတယ်။ တော်တော်များများကတော့ လက်နက်ကိုင် တိုက်ပွဲဆီပြန်မသွားချင်ကြတဲ့အောက်မှာ အကြောင်းအမျိုးမျိုးပြပြီး အစိုးရနဲ့တင်းမာတဲ့ တောင်းဆိုမှုတချို့ကိုလုပ်နေကြတယ်။ ဒါပေမဲ့တချို့လဲ မလွှဲသာ မရှောင်သာလုပ်နေကြရတယ်။ ကျနော်တို့သိသလောက် အမျိုးသားညီလာခံပြီးကတည်းကတရုပ်–ဗမာနယ်စပ်မှာရှိတဲ့လက်နက်ကိုင်အဖွဲ့အစည်းအားလုံး ပြင်ဆင်မှုအပြည့်ရှိတယ်။ ငြိမ်းချမ်းရေး လုပ်ထားတဲ့အဖွဲ့ အထူးဒေသ ၁၊ ၂၊ ၃၊ ၄ တို့လဲပါတယ်။ တပ်သားသစ်တိုးချဲ့လို့မရဘူးဆိုတာ သတ်မှတ်ချက်ရှိပြီးသား။ **KIA** တပ်ဖွဲ့တဖွဲ့ကလွဲရင် ၁၉၉၄ မှာငြိမ်းချမ်းရေးယူထားတဲ့တပ်ဖွဲ့တွေ အားလုံးက တပ်သားသစ်တွေ စုဆောင်းတာ လေ့ကျင့်တာ ပြောင်ပြောင်တင်းတင်းလုပ်ခဲ့တယ်။ အဲဒီလုပ်ရပ်ကိုကြည့်ရင်နှစ်ခုမြင်ရတယ်။

(၁) ကိုယ့်ဒေသထဲ ဝင်တိုက်ရင်ခုခံမယ်ဆို တဲ့ ရည်ရွယ်ချက်။ (၂) ဗမာအစိုးရနဲ့စကားပြောတဲ့အခါမှာ အင်အားထိန်းသိမ်းပြပြီးတော့ စကားပြောဖို့ ရည်ရွယ်တာလဲပါတယ်လို့ကြားတယ်။ တချို့အစည်အလာကြီးတဲ့ **UWSA** ဝတပ်ဖွဲ့လိုမျိုးကျတော့ သူတို့ဝနယ်ကိုကျူးကျော်လာမယ်ဆိုရင် ပြန်ခုခံတိုက်ဖို့ အဆင်သင့်ဖြစ်နေတယ်။

ညီလာခံကို ဝ တပ်ဖွဲ့က တက်တယ်ဆိုပေမဲ့ ဘယ်သူမှ မပြောနိုင် မဆိုနိုင်တဲ့အခြေအနေတွေဖြစ်ခဲ့တယ်။ ဒါပေမဲ့ မနှစ်က **PDF** ထုတ်ပြန်ချက်ကိုကြည့်ရင် **consitution** ကို ပြန်လည်ဆန်းစစ်ဖို့ သူတို့အကြိမ်ပေါင်းများစွာတောင်းဆိုခဲ့တယ်။ နအဖဖွဲ့စည်းပုံကို ရာနှုန်းပြည့်ထောက်ခံတယ်ဆိုတာဘယ်အဖွဲ့အစည်းမှ မရှိဘူး။ **KIO** ဘဲဖြစ်ဖြစ်၊ အင်မတန်မှ တော်တော်လေးပျော့ပြောင်း ယိုင်နဲ့ နေတယ်လို့ပြောကြတဲ့ **SSA** လိုခေါင်းဆောင်အဖွဲ့အစည်းလိုမျိုးဘဲဖြစ်ဖြစ် **100%** ထောက်ခံတယ်ဆိုတာမရှိခဲ့ဘူး။ အားလုံးအသီးသီးမှာ ပြင်ဆင်မှုတွေရှိကြတယ်။ အထူးသဖြင့် **SSA-N** ကိုပြောတာ။ သူတို့ထဲမှာလဲ မျိုးစုံရှိတယ်။ တချို့တမောင်းလောက်နွဲ့ကြမယ်ဆိုတဲ့လူမျိုးရှိသလို၊ **consitution** အောက်မှာဘဲ ရတဲ့ဟာလေးကို မှိန်းပြီးတော့ရွာစားကြီးလို မြို့စားကြီးလို လုပ်စားတဲ့လူလဲရှိမှာဘဲ။ ဒါကတော့အဖွဲ့အစည်း အသီးသီးမှာပါ။"

**ဦးအောင်ကျော်ဇော**
တရုပ်နယ်စပ် မြန်မာ့နိုင်ငံရေး/စစ်ရေးကျွမ်းကျင်သူ

## စစ်အစိုးရကဘာကြောင့် အပစ်ရပ်အဖွဲ့တွေကို ပါတီထောင်ဖို့ဖိအားပေးရတာလဲ

"စောစောကတည်းက သူတို့ပြောထားတာရှိတယ်၊ တကယ်လို့များ ရွေးကောက်ပွဲဝင်မယ်ဆိုရင် ပါတီထောင်ခိုင်းတယ်၊ ရွေးကောက်ပွဲပါဝင်ပြီဆိုတာနဲ့ တပ်ပြိုင်နက် လက်နက်ကိုင်တပ်ဖွဲ့တွေ ကိစ္စကဖြေရှင်းပြီးသားဖြစ်တယ်။ လက်နက်ကိုင်တပ်တွေနဲ့ ရွေးကောက်ပွဲဝင်တဲ့အဖွဲ့အစည်းတွေကို ခွဲထုတ်လိုက်တယ်။ လက်နက်ကိုင်တပ်တွေ အပ်ရမဲ့ ရွေးကောက်ပွဲဝင်ပါတီဟာ မိမိဒေသအတွက်ပါတီကနေ အမျိုးသားရေးလုပ်ငန်းကိုဆက်လုပ်ပါ။ တပ်တွေကိုတော့ စစ်ဦးစီးချုပ်အောက်မှာထားရမယ့်အတွက် ဦးစီးချုပ်အောက်ကိုလွှဲ ပေးဖို့ဆိုတော့ အဓိက (၁) ရွေးကောက်ပွဲနဲ့ သူတို့ဟာသူတို့ legitimacy ရရေးမှာ လက်နက်ကိုင်နေတဲ့ ငြိမ်းချမ်းရေးအဖွဲ့အစည်းတွေကိုယ်တိုင် ဒီရွေးကောက်ပွဲကိုပါဝင်တယ်ဆိုတော့ သူ့အတွက်အများကြီးအမြတ်ထွက်တာပေါ့။ (၂) တပ်တွေကိုအလိုအလျောက်ဖျက်သိမ်းနိုင်တဲ့ အခြေခံ အချက်အလက်တွေရသွားတယ်။ဒါကြောင့်သူ့အနေနဲ့ဒီကိစ္စကိုဖိအားပေးရခြင်းဖြစ်တယ်။"

"တိုင်းရင်းသားခေါင်းဆောင်တွေအနေနဲ့ တကယ်ဘဲ စစ်မှန် တဲ့ တိုင်းရင်းသားခေါင်းဆောင်လို့ကိုယ်ကိုကိုယ်ယူဆကြရင် မိမိတိုင်းရင်းသားရဲ့အမျိုးသားအကျိုးစီးပွားအတွက် တကယ့်ကိုဘဲ ဆောင်ရွက်ရမယ်။ ကိုယ့်ရဲ့မူလလမ်းကြောင်းအတိုင်း လျှောက်မယ်ဆိုရင်တော့ ၂၀၁၀ ရွေးကောက်ပွဲ ဝင်စရာအကြောင်းမရှိဘူး။"

**ဦးအောင်ကျော်ဇော**
တရုပ်နယ်စပ် မြန်မာ့နိုင်ငံရေး/
စစ်ရေးကျွမ်းကျင်သူ

"၂၀၁၀ ရွေးကောက်ပွဲမှာ တိုင်းရင်းသားလူမျိုးစုအရေး ကျေကျေလည်လည် မဖြေရှင်းနိုင်ခဲ့ဘူးဆိုရင် တက်လာတဲ့ဘယ်လို့ အစိုးရမျိုးမဆိုရေရှည်ခံမှာမဟုတ်ဘူးဆိုတာ ကျနော်လက်ခံတယ်။ အခုလက်ရှိအခြေအနေမှာအပစ်ရပ်ထားတဲ့အဖွဲ့တွေအားလုံးတဘက်က မိမိကိုယ်မိမိ ကာကွယ်ဖို့အနေအထားတွေပြင်ဆင်ထားသလိုဘဲ နောက်တခုက နိုင်ငံရေးဦးဆောင်မှုဆိုတဲ့ အားထားကိုရှာလာတာတွေ့ရတယ်။ ပြည်တွင်းအင်အားစုဘဲဖြစ်စေ နယ်စပ်အင်အားစုဘဲဖြစ်စေ အင်အားစုတရပ်ရပ်က ခိုင်မာကျယ်ပြန့်တဲ့ဦးဆောင်မှုပေးနိုင်တယ်။ နိုင်ငံရေးဦးဆောင်မှုအလှည့်အပြောင်းကို သွားနိုင်မယ်ဆိုရင်၊ အဲဒီ အင်အားစုတွေရဲ့ နိုင်ငံရေးဦးဆောင်မှုအောက်ကို ရောက်လာနိုင်တယ်။ ဒါမှမဟုတ်တိုင်းပြည်ရဲ့ရေရှည်အတွက်ကို ညှိနှိုင်းစကားပြောနိုင်တဲ့ စနစ်တကျ ကုလသမဂ္ဂလိုချင်တဲ့ ဆွေးနွေးမှုတရပ်ပေါ်ထုတ်နိုင်မယ်လို့ အားလုံးက မျှော်နေပါတယ်။"

**ဗိုလ်မှူးကြီး ခွန်ဥက္ကာ**
PPLO

"တိုင်းရင်းသားအဖွဲ့အစည်းတွေ ၂၀၁၀ ရွေးကောက်ပွဲဝင်သင့် မဝင်သင့်ဆိုတာ နောက်ဆုံးအချိန်အထိစောင့်ကြည့်နေတဲ့ သဘောဖြစ်ပါတယ်။ ဗမာစစ်အစိုးရအနေနဲ့လည်း သူတို့အခြေခံဥပဒေဟာ အရင်ကထက်စာရင်တိုင်းရင်းသားတွေကို အခွင့်အရေးပိုပေးထားတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပိုပေးထားတယ် တိုင်းဒေသကြီးတွေပါဝင်တယ်လို့ပြောချင်နေပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ပြည်ထောင်စုစိတ်ဓါတ်မွေးမြူဖို့အတွက်အစိုးရပြောတဲ့ စည်းလုံးညီညွတ်ရေးနဲ့တိုင်းရင်းသားတွေလိုချင်တဲ့ တန်းတူညီမျှမှုအခွင့်အရေးတွေ ဘယ်လောက်ထိနီးစပ်မလဲဆိုတာစဉ်းစားစရာဖြစ်နေပါတယ်။"

**ဦးမောင်မောင်သန်း**
**BBC** ၁၉/၁၂/၀၈

စာမျက်နှာ 25 မှ

သျှမ်း၊ ကချင်၊ လီဆူး၊ ပလောင်၊ ကိုးကန့်တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ ရိုးရာဝတ်စုံအပြည့်နှင့်ယဉ်ကျေးမှုအကတခုခုဖြင့် အာဏာပိုင်များအား ကပြဖျော်ဖြေရန် မပျက်မကွက်တက်ရောက်ရမည်ဟု ဗမာအာဏာပိုင်များဆင့်ဆိုခဲ့ကြောင်း – အမည်မဖော်လိုသည့်တိုင်းရင်းသားစာပေယဉ်အဖွဲ့တခုမှ လူငယ်တဦးကဆိုပါသည်။

*"၁၆/၁၂/၂၀၀၈ က ကျမတို့ယဉ်ကျေးမှုအဖွဲ့ အစမ်းဖွင့်ပွဲ အခမ်းအနားသွားတက်ရတယ်။ အလုပ်မအားတော့ တကယ့်ဖွင့်ပွဲရက်မှသွားမယ်လို့ အဖွဲ့ခေါင်းဆောင်က သွားတောင်းပန်လည်းမရဘူး။ ကနေ့ဆိုမနက် ၄း၀၀ကတည်းကထပြီးပြင်ဆင်ရတယ်။ယူနန်ပြည်အုပ်ချုပ်ရေးမှူးနဲ့ ရမခတိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်မယ်လို့ ပြောတာဘဲ။ ညကျရင်လည်းသွားကပြရဦးမယ်"* – ဟု ဆိုပါသည်။

မူဆယ်မြောက်ရပ်ကွက် အသက် ၃၀ ကျော် အိမ်ရှင်မတဦးကလည်း – *"တရပ်ကွက်အယောက် ၁၀၀ မသွား မနေရလို့ပြောတာဘဲ၊ အထက်တန်းစား စီးပွားရေးသမားတွေ အဲလိုပွဲဆိုတခါမှမသွားကြဘူး၊ ဘယ်တော့မှ အယောက် ၁၀၀ မပြည့်ပါဘူး။ တရပ်ကွက် အများဆုံး ၄၀ – ၅၀ လောက်ဘဲ"* – ဟုသျှမ်းသံတော်ဆင့်သို့ ပြောပြသည်။

အဆိုပါကုန်စည်ပြပွဲကို နအဖစစ်အစိုးရနှင့် တရုပ်အစိုးရတို့ ပူးပေါင်း၍ နှစ်စဉ်လိုလိုကျင်းပလေ့ရှိသည်။ တရုပ်လယ်ယာသုံးစက်အမျိုးမျိုး၊ ကုန်ပစ္စည်းအမျိုးမျိုးအပြင် ဗမာဘက်မှလယ်ယာထွက်သီးနှံများသစ်တောထွက်ပစ္စည်းများ ခင်းကျင်းပသကြောင်းသိရပါသည်။

❑ ❑ ❑

# လာဘ်ပေးလာဘ်ယူခြစားမှု တိုက်ဖျက်သူ ပေါ်(ဝ်)ဝန်ကျိန်

မျှတမှန်ကန် ဘေးကင်းဘက်မလိုက်တဲ့တရားစီရင်ထုံးကျင့်သုံး လေ့ရှိသူရှေးတရုပ်တရားသူကြီးပေါ(ဝ်)ဝန်ကျိန်အကြောင်း ရုပ်ရှင်နဲ့ တီဗွီအခန်းဆက်ကြည့်ဖူးသူတိုင်းသိရှိကြမှာဖြစ်ပါတယ်။

ပေါ(ဝ်)ဝန်ကျိန်ဟာတရုပ်ရာဇဝင်မှာတကယ်ရှိခဲ့ဖူးတဲ့ ဂုဏ်ဝင်မြောက် သမိုင်းဝင်ပုဂ္ဂိုလ်ထူးကြီးဖြစ်ပါတယ်။

ခရစ်သက္ကရာဇ် AD ၉၉၉–၁၀၈၂ လောကမှာသက်ရှိထင်ရှားပေါ်ပေါက်ခဲ့တာပါ။ နာမည်အရင်းက ပေါ်ဝ်ကျိန်၊ AD ၉၆၀ – ၁၁၂၇ ခုနှစ်ကြားမှာထွန်းကားခဲ့တဲ့မြောက်ပိုင်းဆုန့်မင်းဆက်ကျိန်းကျုန်း ဟွမ်တိနဲ့ ရန်ကျုန်းဟွမ်တိ ဘုရင်နှစ်ပါး လက်ထက်မှာ ၃၅ နှစ်ကြာ တရားစီရင်ရေးအမှုတော်ထမ်းခဲ့တာပါ။ အုပ်ချုပ်ရေးပိုင်းမှာ အမှုစထမ်းခဲ့ပြီး မြို့ပိုင်နဲ့ ခရိုင်ဝန် အဆင့်ကနေ နောက်ပိုင်းနိုင်ငံတော်စာရင်းစစ်ချုပ်၊ ခိုင်းဖုန်းမြို့စား၊ ဘုရင့်ဘဏ္ဍာစိုးစတဲ့ရာထူးအသီးသီးမှာ တာဝန်ယူခဲ့ရပါတယ်။ တာဝန်ယူ အမှုတော်ထမ်းစဉ်ကာလတလျှောက်လုံး အဆုံးစွန် ဖြောင့်မတ်သစ္စာရှိပြီး တရားမျှတမှု အတိအကျလိုက်နာကျင့်သုံးလွန်းလို့ ရိုးသားတည်ကြည်ဖြောင့်မတ်သူ၊ လာဘ်ပေးလာဘ်ယူခြစား တဲ့ မင်းမှုထမ်းတွေကိုရှုံ့ရှာစက်ဆုတ်သူ၊ လူထုအပေါ် ဖိနှိပ် ဂုတ်သွေးစုပ်မိုက်ကြေးခွဲတဲ့ အာဏာပိုင်တွေကို ဆန့်ကျင်သုတ်သင်ဖယ်ရှားသူ အဖြစ် တရုပ်သမိုင်းမှာ ခိုင်းနှိုင်းဂုဏ်ပြုထားပါတယ်။

ပေါ(ဝ်)ဝန်ကျိန်ဟာယုတ်မာကောက်ကျစ်တဲ့ လူဆိုးသူခိုးမင်းမှုထမ်းကိုရှုံ့မုန်းပေမဲ့ရန့်ရင်းကြမ်းတမ်းသူမဟုတ်ဘဲ၊ ဖြောင့်စင်းရိုးသားပြီး တမင်တကာမဟုတ်ဘဲပြစ်မှုကျူးလွန်မိသူတွေကိုညှာတာခွင့်လွှတ်လေ့ရှိပါတယ်။ သူဟာကိုယ်ပိုင်မှုကင်းမဲ့တဲ့လူတွေနဲ့ တော်ရုံတန်ရုံဆက်ဆံလေ့မရှိပါဘူး။ လူတွေကိုဖြားယောင်းသိမ်းသွင်းဖို့ မျက်နှာပြောင်တိုက် ရေလိုက်ငါးလိုက်မှသားပြောခြင်း၊ အချိုသပ်အပျော့ဆွဲ ချွဲခြင်း အလျှင်းမရှိဘူး။ သူဟာထင်သာမြင်သာရှိတဲ့ နေထိုင်စားသောက်မှုဘဝကို မွေ့လျော်ပြီး ရှေ့တမျိုး ကွယ်ရာတမျိုး လျှို့ဝှက်ချက်တွေ ဘာမှမရှိတဲ့ အတွက် ဘက်လိုက်မှု၊ အုပ်စုဖွဲ့မှု၊ အဂတိရှိမှု စတာတွေလုံးဝ ကင်းရှင်းသူဖြစ်ပါတယ်။ သူ့မှာရာထူးဌာနန္တရမြင့်မားပြီး အဆောင်အယောင် ပစ္စည်းနဲ့ နန်းတွင်းတော်ဝင် ဝတ်စုံတွေရှိပေမဲ့သူ့ရဲ့စားသောက်နေထိုင်မှုဟာ ယခင်သာမာန်အရပ်သားဘဝနဲ့ကွာဟ ခြားနားမှုဘာမှ မရှိပါဘူး။

ဒီလိုအကြောင်းရင်းတွေကြောင့် ခိုင်းဖုန်းတရားရုံးတော်က မြို့စားမင်းပေါ(ဝ်)ဟာ ပေါ(ဝ်)ကုန်းဆိုတဲ့ ယုတ္တိဓမ္မတရားမျှတမှုရဲ့ အရှင်သခင်ဒေဝါနတ်သားအဖြစ် အထူးလေးစားကြည်ညိုခြင်းခံရသူ ဖြစ်ပါ တယ်။

ပေါ(ဝ်)ဝန်ကျိန်ဟာတကယ့်တရားဝင်တရားသူကြီး မဟုတ်ပေမဲ့မြို့စားအဆင့်အုပ်ချုပ်ရေးအာဏာပိုင်တစ်ယောက်အဖြစ် တခြားဒေသ နယ်ပယ်ကတရားသူကြီးတွေထက်သမာသမတ်ကျကျ တရားစီ ရင်ဆုံးဖြတ်ချနိုင်တဲ့သူဖြစ်တယ်။ တိုင်းသူပြည်သားများရဲ့ ဒုက္ခကိုပံ့ပိုးကိုင်တွယ်၊ သုခကိုကာကွယ်စောင့်ရှောက်တာဟာ အုပ်ချုပ်သူတွေရဲ့အဓိကဝတ္တရားအဖြစ် သဘောထားသူဖြစ်ပါတယ်။ အမှုအခင်းအားလုံး စီရင်ဆုံးဖြတ်တဲ့နေရာမှာ ယုတ္တိဓမ္မတရားမျှတမှု လက်ကိုင်ပြုစမြဲသာမက၊ ကိုယ်ကျိုးစွန့်လွှတ်မှုအနစ်နာခံမှုအပြည့်အဝရှိသူလည်းဖြစ်ပါတယ်။ အကြောင်းကတော့ အချို့အမှုအခင်းဆိုရင် ခြောက်ပြစ်ကင်းသူတွေ ဘဝရင်းရတဲ့ ကြမ္မာငင်မှုနဲ့ ပေါ(ဝ်)ကိုယ်တိုင်ရဲ့ အသက်အိုးအိမ်စည်းစိမ်ကိုရင်းနှီးရလို့ပါဘဲ။

ဒါပေမဲ့ဖြောင့်မတ်ရိုးသားသူ မင်းမှုထမ်းဂုဏ်ပုဒ်ကို လုံးဝအစွန်းအထင်းမခံဘဲ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ်နဲ့ တိုင်းပြည်အကျိုးစီးပွါးအတွက် အသက်ပေးကာကွယ်ဖို့ ရပ်တည်တိုက်ပွဲဝင်ခဲ့သူ ဖြစ်ပါတယ်။



**မွန်မြတ်ဖြောင့်မတ်မှုသည်သာ လူ့အဖွဲ့အစည်းအတွက်သုခကို ဖန်တီး၊ ဒုက္ခကိုကာဆီးဖယ်ရှား နိုင်တဲ့အရာ ဖြစ်ပါတယ်**

ခိုင်းဖုန်းမြို့စား ပေါ(ဝ်)ဝန်ကျိန်ရဲ့ ဂုဏ်သိက္ခာ သမာဓိကိုစောင့်ရှောက်ထိန်းသိမ်းခဲ့တာဟာ မကောင်းဆိုးဝါးတားဆီးနိုင်စွမ်းရှိတဲ့ (ရုပ်ရှင်တီဗွီထဲကလို)သူ့နဖူးပြင်ပေါ်ကအသားပိုလခြမ်းရုပ်မဟုတ်ပါဘူး။သူ့ရဲ့လက်သံပြောင်ကိုယ်ရံတော် **ကျန်ကျောင်း** နဲ့လက်မရှုံ့အာဏာသားတွေဖြစ်တဲ့ **ဝမ်ချောင်၊ မာဟန့်၊ ကျန်းလုံ၊ ကျောက်ဟူ** တို့လည်းမဟုတ်ပါဘူး။ အမှန်စင်စစ်သူ့ရဲ့ဖြောင့်မတ်မှုနဲ့ တရားမျှတမှု စိတ်ထားစွမ်းအားကြောင့်ဘဲဖြစ်ပါတယ်။ မွန်မြတ်ဖြောင့်မတ်မှုသည်သာ လူ့အဖွဲ့အစည်းအတွက်သုခကိုဖန်တီး၊ ဒုက္ခကိုကာဆီးဖယ်ရှားနိုင်တဲ့အရာ ဖြစ်ပါတယ်။ လက်ရှိဘဝမှာရောနောင်တမလွန်ဘဝမှာပါ အကျိုးခံစားစေနိုင်တဲ့အရာဖြစ်ပါတယ်။ မွန်မြတ်ဖြောင့်မတ်မှုသည်သာ မိမိနဲ့ မိမိရဲ့ မျိုးရိုးစဉ်ဆက်ကို နာမည်ညစ်ညမ်း စွန်းထင်း တန်ဖိုးကျဆင်းခြင်းမရှိရလေအောင် စွမ်းဆောင်စေနိုင်တဲ့အရာ ဖြစ်ပါတယ်။

**ကျွန်ုပ်တို့ဟာ ရာဇဝင်သမိုင်းသင်္ခဏ်းစာကို သုံးသပ်ပြီး ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားတွေးခေါ်၊ ရေရှည်အမျှော်အမြင်စိုက်ထူ၊ ရှေ့တူရှုအတွက် ရိုးသားတဲ့စိတ်ထား၊ တရားမျှတတဲ့ဥပဒေကို စောင့်ရှောက်ကာကွယ်၊ ပြဿနာအသွယ်သွယ်အပေါ် အကြမ်းဖက်နည်းမသုံးစတမ်း နည်းလမ်းမကျတဲ့နေပစ္စည်း၊ အတ္တအကျိုးစီးပွါးမခုံမင်၊ သန့်ရှင်းစင်ကျယ်တဲ့ဘဝနဲ့ တင်းတိမ်ရောင့်ရဲ၊ ဖြောင့်မတ်တဲ့ အသည်းနှလုံးကျင့်ထုံးတွေကို နာယူဖို့ အဓိကကျပါတယ်။** ဒီလိုမွန်မြတ်တဲ့စိတ်ထား ကျင့်ထုံးကိုနှလုံးမူလက်ကိုင်ထားသမျှ ကာလပတ်လုံး ခိုင်းဖုန်းမြို့စား တရားသူကြီးရဲ့ လူသတ်လက်နက် တွေဖြစ်တဲ့ ခွေးရုပ် ကျားရုပ် နဂါးရုပ်ခေါင်းဖြတ်စက်တွေကနေ သေတပန်သက်တဆုံး ဆိတ်သုဉ်းဘေးကင်းရန်ကွာရမှာ မလွဲဖြစ်ပါကြောင်း။

**ဖဲန်ခွန် ကျစ်အစ်ဆရ** မတိချွန်း ဒီဇင်ဘာ ၂၀၀၆

# စစ်အုပ်စုသည် အရည်အချင်းဖြင့်အုပ်ချုပ်နေခြင်းမဟုတ်

နိုဝင်ဘာနှောင်းပိုင်းက မူစယ်မြို့ခံကုန်သည်အသိတယောက်နှင့်တွေ့ဆုံစကားပြောရစဉ် ဒေသခံနအဖအာဏာပိုင်များအားဆက်ကြေးပေးခွံ့ကြွေးနိုင်မှအရောင်းအဝယ်အလုပ်ဖြစ်ပုံကို အိပ်သွန်ဖါမှောက် မြည်တွန်တောက်တီးပြခဲ့၏။ စစ်သားဉာဉ်၊ ပုလိပ်စရိုက်သာ ရှိပြီးဘာအရည်အချင်းမှမရှိဘဲနှင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေသည် ဟု ၎င်းကညည်းတွားပြ၏။ နအဖစစ်အုပ်စုတွင် အရည်ချင်းရှိ၍သာ အာဏာကိုအနှစ် ၂၀ ကြာချုပ်ကိုင်ထားနိုင်သည်မဟုတ်လော ဟု ၎င်းအား သွေးထိုးစမ်းစောဒကတက်မိ၏။ အဆိုပါကုန်သည် မိတ်ဆွေက ထိုအချက်ကိုဘူးခံငြင်းဆန်၏။ စစ်အုပ်စုအဆင့်ဆင့် အာဏာပိုင်များ၌ အရည်အချင်းရှိ၍သာတိုင်းပြည် အုပ်ချုပ်နိုင်သည်ဆိုသည်ကို လုံးဝ လက်မခံကြောင်းကန့်ကွက်သည်။

အဘယ်ကြောင့်ဆိုသော်စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာအရည်အချင်းတွင်ဖြစ်စေ၊ တရားမျှတလွတ်လပ်တန်းတူခွင့် အတွက်အမြင်သဘောထားကြီးသည့်အရည်အသွေးတွင်ဖြစ်စေ၊ မိမိတို့တောင်ပေါ် တိုင်းရင်းသားများသည် စစ်အုပ်စုအာဏာပိုင်များနှင့် အချိန်မရွေးယှဉ်ပြိုင်နိုင်ကြောင်း၊ ဗိုလ်သန်းရွှေခြေရာတိုင်းကြသည့် အရိုင်းအစိုင်း စစ်အာဏာပိုင်များထက် အရည်အချင်းများစွာသာလွန်ကြောင်း၊ စစ်မှန်သောဒီမိုကရေစီစနစ်ဘောင်အတွင်း၊ ရပ်ရွာအုပ်ချုပ်မှု၊ အဖက်ဖက်ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုတို့တွင်အခွင့်အလမ်းသာရရှိပါက လက်ရှိစစ်အုပ်စုထက်ပိုမိုသာလွန်ကောင်းမွန်စွာ မုချပြုစုပျိုးထောင်နိုင်မည်ဖြစ်ကြောင်း – အဆိုပါခေတ်ပညာတတ်ကုန်သည်က အားရထက်သန်စွာကောက်ချက်ချရှာသည်။

၎င်းက တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအစ စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးတို့တွင် စစ်အုပ်စုအာဏာပိုင်များအရည်အချင်း အလျဉ်းမရှိကြောင်း၊အသိဉာဏ်ပညာအရည်အချင်းဖြင့် အာဏာချုပ်ကိုင်ထားခြင်းမဟုတ်ကြောင်း၊ လူမိုက်နည်းဖြင့်သေနတ်ချိန်ခါးမိုးပြီး ခြိမ်းခြောက်ဖိနှိပ်ချုပ်ခြယ်ထားခြင်းသာဖြစ်ကြောင်း ရှင်းလင်းထောက်ပြသည်။

၎င်းက ဆက်လက်၍ လူထုအပေါ် အသျှင်သခင်လုပ်ကြသော စစ်အုပ်စုအာဏာပိုင်များသည်(စိတ်ပိုင်းရုပ်ပိုင်း အသိအမြင်)အရည်အချင်းကို စိတ်ဝင်စားအလေးထားခြင်းမရှိကြောင်း၊ အရာရှိဖြစ်လျက်နှင့် အမြဲတစေမျက်နှာပြောင်တိုက် မိုက်ကြေးခွဲ ဖြစ်ညှစ်တောင်းစားလေ့ရှိသည့် ၎င်းတို့၏အကျင့်စရိုက်ကို ကြည့်ခြင်းအားဖြင့် လူ့ဂုဏ်သိက္ခာ ကိုယ်ကျင့်တရားခေါင်းပါးကြသူများဖြစ်ကြောင်း၊ ဟီရိသြတ္တပ္ပတရားဆိုတာချိုနဲ့လားဟုပင် မှတ်ထင်ကြသူများ ဖြစ်ကြောင်း – မိမိ၏နေ့တဓူဝ လက်တွေ့ဘဝအတွေ့ အကြုံကိုပြောပြသည်။

မှတ်သားစရာကောင်းသော အချက်တခုမှာ (ဗိုလ်သန်းရွှေတို့စရိုက်ကိုဆက်ခံစိုက်ထူပုံတူကူးချသော) စစ်အုပ်စုအာဏာပိုင်အရာရှိများ၏ အတွင်း အဇ္ဈတ္တသဏ္ဍာန်၌ သူ့ဘို့ – ကိုယ့်ဘို့ ထောက်ထားညှာတာကိုယ်ချင်းစာနာတတ်မှုကင်းမဲ့သည့် တလမ်းသွား one way အတွေးအမြင်ခံယူချက်နှင့် လက်တွေ့လုပ်ဟန်သာရှိသည်– ဟူသော အချက်ဖြစ်၏။ အတိုက်အခံများအား နေရာပေးရေးစဉ်းစားရန် မဆိုထားနှင့်၊ စစ်အုပ်စုတစိုက်မတ်မတ် လက်ကိုင်ကျင့်သုံးလာခဲ့သော တခုတည်းပေါ် လစီမှာ– ***"ငါနဲ့မတူ ငါ့ရန်သူ–သူပုန်လူဆိုး၊လက်ညှိုးထောင်ခေါင်းငြိမ့်သူသာ အောက်ကြို့ခံစားနိုင်၊ သဘောထား မတိုက်ဆိုင်သူများရှင်းထုတ်၊ ကျူပင်ခုတ်–ကျူငုတ်မကျန် မြေလှန်သုတ်သင်ပစ်"*** – ကျွန်စနစ်ကိုသာဖေါ်ဆောင်နေခြင်းဖြစ်၏။ သို့ဖြစ်၍ သုံးပွင့်ဆိုင်ဆိုလျှင်ဝေလာဝေး၊ နှစ်ပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးသော်မှ စစ်အုပ်စုအဖို့ ဖုတ်လေတဲ့ငါးပိအဖြစ် ပြောဆိုလှစ်ဟမှုလုံးဝ မလုပ်ခဲ့ခြင်းဖြစ်သည်။


Photo : AP


Photo : AP

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ပုဂ္ဂလိကရေး အရနီးစပ်သော 3P ပိုင်ဆိုင်သူစစ်အုပ်စု အခါပေး စီးပွါးရေးလုပ်ငန်းရှင်ကြီး ထူးထရိတ်ဒင်းကုမ္ပဏီ ECO **ဦးတေဇ**

တိုင်းပြည်ကို ဗိုလ်သန်းရွှေစစ်အုပ်စုက P သုံးလုံးဖြင့် ထိန်းချုပ်ထားသည်ဟု ကမ္ဘာကျော်ရောဝတီမဂ္ဂဇင်းပါ ဆောင်းပါးတွင် ရှင်းလင်းရေးသားခဲ့ဖူး၏။

(၁) Power– **အာဏာ**(သေနတ်ပြ အကြမ်းဖက်ခြိမ်းခြောက်နှိပ်ကွပ်သည့်အာဏာ)

(၂) Personal Affairs – နီးစပ်ရာဆရာတပည့်မွေး၊ ဆွေမျိုးတော်စပ်ရာ အလိုတူအလိုပါများအား တာဝန်ရာထူး ကုလားထိုင်များစွန့်ကြဲဆွဲတင်၊ အာဏာပလ္လင်အထိန်းအကွပ်တည်ဆောက်။

(၃) Permit – စီးပွါးရေးမက်လုံးအဖြစ် အရောင်းအဝယ် ကုန် သွယ်ခွင့်ပါမစ်များထုတ်ပေး၊ ရပ်သေးပဒေသာပင်များဖန်တီး၊ တပြည်လုံးလက်ဝါးကြီးအုပ်ကာဦးပိုင်ကုမ္ပဏီစစ်တပ်အာဏာတည်မြဲဘို့ကျားကန်ပေးထား၊ဒေါက်တိုင်မူးယစ်ရာဇာခပ်များများပါမစ်ရလွယ်၊ စစ်အုပ်စုအာဏာကိုကပ်တွယ်ပံ့ပိုး ––ဤသုံးမျိုးဖြင့် တိုင်းပြည်အပေါ်ထိန်းချုပ်နေသည်ဟု ဆိုသည်။

အထက်ပါလက်ရှိလက္ခဏာသွင်ပြင် ပစ္စက္ခဖြစ်အင်များကို ထောက်ရှုလျှင် ဗိုလ်သန်းရွှေစစ်အုပ်စုသည် တိုင်းပြည်ကိုအရည်အချင်းဖြင့် အုပ်ချုပ်နေခြင်းအလျှဉ်းမဟုတ်ကြောင်း၊ စစ်ဆုပ်ရွံ့ရှာစရာမသမာ–အယုတ်တမာသူခိုးဓါးပြအာဏာဖြင့် ဖိနှိပ်ခြယ်လှယ်မင်းမူနေခြင်းသာဖြစ်ကြောင်း၊ လူတော်လူကောင်းအရည်အသွေးကင်းမဲ့ကြသူမင်းဆိုးမင်းညစ် လူမိုက်လူရမ်းကားများသာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလှ၏။

သို့ဖြစ်၍ စိတ်ပိုင်းဆိုင်ရာ/ရုပ်ပိုင်းဆိုင်ရာ စရိယသုံးဖြာအရည်အချင်းရှိပြီး တရားမျှတလွတ်လပ်တန်းတူခွင့်အတွက် အမြင်ကျယ်သဘောထားကြီး၍ ဖြမ္မစိုရ်တရား ၄ ပါးလက်ကိုင်ထားကြသူဒီမိုကရေစီဘက်တော်သားများသာ နောက်ဆုံးတနေ့တိုင်းပြည်အုပ်ချုပ်ခွင့် အာဏာများရရှိမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါကြောင်း။

သျှမ်းသံတော်ဆင့် – စိုင်းရှဲန်ဂျင့်
(၄/ ၁၂/ ၂၀၀၈)

### ၵေႃႉၶၢဝ်ႇၽူႈတွၼ်ႈႁပ်ႉ (ႁွၼ်းၶေႃ)

| | |
|---|---|
| ၽူႈပွင်ၵၢၼ် | ၸၢႆးၸိုၼ်းသႅင် |
| ၽူႈထတ်းထွင် (လိၵ်ႈတႆး/မၢၼ်ႈ) | ၸၢႆးသႅင်လိုၼ်ႈ |
| ၽူႈသိုဝ်ႈၶၢဝ်ႇ | ၼၢင်းသႅင်ၸိင်ၽႄႉ<br>ၸၢႆးလႅင်းလူၺ်<br>ၸၢႆးၽွၼ်းလီ (ၼင်ႈလုမ်း)<br>တီႈၼမ်းတႆး<br>ၶျႃးသၢယၢမ်<br>ဝီရိယ (ပိုၼ်ႉတီႈ) |
| ၽိမ်းလိၵ်ႈ | ၼၢင်းယေႃႈႁွမ်ႁူင်း<br>ၸၢႆးယီႈၽူင်း |
| ၵၢင်ႈၼိူင်ႈ | ဝႃႈလိင်ႉတ<br>ၸၢႆးၸုမ်ႉႁွၼ်း |

### သျှမ်းသံတော်ဆင့်သတင်းစဉ် (Shan Herald)

| | |
|---|---|
| အယ်ဒီတာချုပ် | ဦးခွန်စိုင်း |
| အယ်ဒီတာ (သျှမ်း/ဗမာ) | စိုင်းစိန်ကြည် |
| သတင်းထောက် | နန်းဆယ်နံခယိုဖှာ<br>စိုင်းလျှဲန်လေင်<br>စိုင်းဖွမ်းလီ (ရှုံး)<br>တိန်းတိုင်း<br>ချိုင်းဆယာမ်<br>ဝိရိယ (ဒေသခံ) |
| စာစီစာရိုက် | နန်းယေ့ဟွမ်<br>စိုင်းယို့ဖုန်း |
| ဒီဇိုင်း | ဝါလိန္ဒ<br>စိုင်းနွံဂွဏ်း |




ၵႂၼ်ႇယိင်းတႆး ၸလႈ ၸူဝ်းၸုင်ႈၸၢင်းၸူၵ်ႉယုင်း ပွႆးပီမႂ်ႇတႆး 2103 ဝၢၼ်ႈၸွင်တဝ်း (မိူင်းၸၢႆႇ)




S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
ตู้ ปณ. 15 ปณฝ. หนองหอย อ. เมือง จ. เชียงใหม่ 50007
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org